# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အလွန်ကဲဆုံးချမ်းသာ**

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း။ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

သုခဝဂ်(ဓမ္မပဒ-၂၀၄)


၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက် | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၃၅၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ လှူဒါန်းသည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး (OCV) ၂ ဒသမ ၄၅ သန်း doses ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၉**

ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ တုံ့ပြန်ဆောင်ရွက်ရေးနှင့် ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၅ သန်း တန်ဖိုးရှိပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး (Oral Cholera Vaccine – OCV) ၂ ဒသမ ၄၅ သန်း doses သည် စက်တင်ဘာ ၁၇ ရက် နှင့် ၁၉ ရက်တို့တွင် လေယာဉ်အမှတ် WW211 ဖြင့်

*စာမျက်နှာ ၆ ကော်လံ ၁* ❑




**ယနေ့ ဖတ် စ ရာ**

**ယုံမှတ်အပ်နှံမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း** — ဥပဒေ — စာ ၃

**ရေဘေးသင့်ပြည်သူများအတွက် အလှူငွေလက်ခံမည့် အစီအစဉ်များ အသိပေးကြေညာခြင်း** — ပြည်တွင်းသတင်း — စာ ၃

**လက်ဘနွန်ပေါက်ကွဲမှုတွင် အရပ်သားများ သုံးစွဲသည့်ပစ္စည်းကို အသုံးပြုမှုအတွက် ကုလအကြီးအကဲ ရှုတ်ချ** — နိုင်ငံတကာသတင်း — စာ ၁၃

**ရှေ့သို့လှမ်းချီ အေဂျီအမ်ဆီသို့ .....** — ဆောင်းပါး — စာ ၁၆


**ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၁၀ ရက်သာ လိုတော့သည်။**




MWD ဗီဒီယာစင်တာ

ရရှိနိုင်သောဝန်ဆောင်မှုများ

အရည်အသွေးမြင့် 4K ကင်မရာများတပ်ဆင်ထားသည့် ခေတ်မီ Studio အခန်းများ အသံဖမ်း Studio များကို ရိုက်ကူးထုတ်လွှင့်သူများအတွက် ငှားရမ်းနိုင်ပါသည်။

ဖျော်ဖြေပွဲများဆောင်ရွက်လိုသူများအတွက်...

LED Screen ပါသည့်ပြဇာတ်ရုံနှင့် 11.1 Sounds System ဖြင့် 4K,3D ရုပ်ရှင်ရုံတို့အား ဖျော်ဖြေရေးပွဲများအတွက် ငှားရမ်းအသုံးပြုနိုင်ပါသည်။

No.15,Moe Kaung Road, 15th Ward, Bauk Htaw, Yankin Township. 09-680101166,01-4705990,01-4705991,01-4705992 https;//www.facebook.com/Public Media Centre

# ယုံမှတ်အပ်နှံမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ယုံမှတ်အပ်နှံမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၅ / ၂၀၂၄)**
၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်
(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ယုံမှတ်အပ်နှံမှုအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ယုံမှတ်အပ်နှံမှုအက်ဥပဒေ အခန်း ၃ ၏နောက်တွင် အခန်း ၃-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

CHAPTER III A.

OF THE PREVENTIVE MEASURES AND REPORTING OBLIGATIONS OF TRUSTEES.

30 A.

Customer Due-Diligence, Record-Keeping and Reporting Obligations of AML/CFT

(1) Any trustee of any trust governed under this Act is bound to the following obligations of Anti-Money Laundering and Countering the Financing of Terrorism (AML/CFT): -

( a ) to obtain and hold adequate, accurate and current information on the Identity of author of the trust, the trustee(s), the beneficiaries and any other natural person exercising ultimate effective control over the trust;

(b) to hold basic information on other regulated agents of and service providers to, the trust, including investment advisors or managers, accountants, and tax advisors;

(c) to keep all information accurately and up to date on a timely basis;

(d) to disclose the trustee's status to Financial Institutions and Designated Non-Financial Businesses or Professions (FIs / DNFBPs) and report to the relevant competent authorities when forming a business relationship or carrying out an occasional transaction above the threshold;

(e) to provide any information relating to the trust to competent authority and upon request by Financial Institutions and Designated Non-Financial Businesses or Professions (FIs / DNFBPs), any information on beneficiary and assets of the trust to be held or managed under the terms of the business relationship to Financial Institutions and Designated Non-Financial Businesses or Professions (FIs / DNFBPs) under the existing laws;

(2) A trustee is bound to keep above all information at least five years after their involvement with the discharge of trustee.

(3) A trustee shall comply with The Anti-Money Laundering Law and The Counter Terrorism Law.

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ရေဘေးသင့်ပြည်သူများအတွက် အလှူငွေလက်ခံမည့်အစီအစဉ်များ အသိပေးကြေညာခြင်း

မုန်တိုင်းရာဂီ၏ သက်ရောက်မှုနှင့် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းတို့၏အရှိန်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများတွင် ရေဘေးသင့်ခဲ့ရသည့် ပြည်သူလူထုအား ကူညီထောက်ပံ့နိုင်ရန်အတွက် လှူဒါန်းငွေများကို ၂၁-၉-၂၀၂၄ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ လှူဒါန်းမှုများကို အခမ်းအနားဖြင့် လက်ခံသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လှူဒါန်းလိုသူများအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်စာရင်းပေးသွင်း လှူဒါန်းနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်-

(၁) ဒေါ်လဲ့လဲ့အေး၊ ညွှန်ကြားရေးမှူးချုပ်၊ ဖုန်းနံပါတ် ၀၉-၂၀၂၁၄၉၁
(၂) ဦးဝင်းရွှေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဖုန်းနံပါတ် ၀၉-၂၅၄၁၇၀၀၁၁
(၃) ဒေါ်စုစုထွန်း၊ ညွှန်ကြားရေးမှူး၊ ဖုန်းနံပါတ် ၀၉-၄၃၀၀၈၂၉၁

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၉**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိသည်။

**မိုး/ဇလ**

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး




**နေပြည်တော် စက်တင်ဘာ ၁၉**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ပြည်ထောင်စု တရားလွှတ်တော်ချုပ် စုဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အရာထမ်း၊ အမှုထမ်းများ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးက အဖွင့်အမှာစကားပြောကြားရာ၌ အစိုးရဌာနဆိုင်ရာများတွင် လုပ်ကိုင်နေသော တာဝန်ရှိသူများအနေဖြင့် အဂတိလိုက်စားမှု၏ သဘောသဘာဝကို သိရှိရန်လိုအပ်ကြောင်း၊ အဂတိလိုက်စားမှုသည် ကမ္ဘာ့နိုင်ငံများအားလုံး ကြုံတွေ့ရင်ဆိုင်ဖြေရှင်းနေရသည့် ကိစ္စဖြစ်သကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း ဖြေရှင်းဆောင်ရွက်နေရကြောင်း၊ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗန်းရှင်းတွင် ၂၀၀၅ ခုနှစ်ကတည်းက အဖွဲ့ဝင်အဖြစ်ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ၁၆၅ နိုင်ငံမြောက်အဖွဲ့ဝင်နိုင်ငံအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ အဂတိလိုက်စားမှုတွင် လာဘ်ပေးလာဘ်ယူခြင်း (Bribery)၊ ခြိမ်းခြောက်ငွေညှစ်ခြင်း (Extortion)၊ လိမ်လည်ခြင်း (Fraud)၊ အလွဲသုံးစားပြုခြင်း (Misappropriation)၊ ဆွေမျိုးကောင်းစားရေးပြုခြင်း (Nepotism)၊ နီးစပ်ရာကောင်းစားရေးပြုခြင်း (Cronyism)၊ အများပြည်သူပိုင်ပစ္စည်းကို ကိုယ်ပိုင်အဖြစ် သုံးစွဲခြင်း (Appropritaion of Public Assets and Property for Private Gain)၊ မလျော်ဩဇာသုံး၍ မဲဆွယ်လွှမ်းမိုးခြင်း (Influence Peddling) စသည်ဖြင့် ရှိကြောင်း၊ အဂတိလိုက်စားမှုသည် နိုင်ငံတော်၏ ပုံရိပ်နှင့် စွမ်းဆောင်မှုကို ထိခိုက်စေပြီး နိုင်ငံတော်၏စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကို ထိခိုက်စေနိုင်သည့် အပြင် ကောင်းမွန်သည့်အုပ်ချုပ်ရေးစနစ်ကိုလျော့ပါးစေပြီး တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံသားတို့၏ အခွင့်အရေးများကို ထိခိုက်စေနိုင်သည်ဖြစ်၍ အဂတိလိုက်စားမှုကင်းစင်စေရန်အတွက် ပြည်သူများကပါ ပါဝင်လုပ်ဆောင်ပေးရန်လိုအပ်ကြောင်း၊ နိုင်ငံတော်ငြိမ်းချမ်းဖွံ့ဖြိုး တိုးတက်စေရေးအတွက် တာဝန်ရှိသူအားလုံးက အဂတိလိုက်စားမှု အကျင့်ဆိုးကို လုံးဝလက်မခံဘဲ အဂတိကင်းစင်သည့်လူ့ဘောင်ဖြစ်ရန် အတူတကွ ပူးပေါင်းတိုက်ဖျက်ကြရန် လိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော်ဝင်း၊ ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမိုးတို့က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆောင်ရွက်ချက်များ၊ စုံစမ်းစစ်ဆေးရေးဆိုင်ရာကိစ္စရပ်များ အဂတိလိုက်စားမှု၏သဘောသဘာဝများကို ပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး နီပေါနိုင်ငံ၏ အခြေခံဥပဒေရေးဆွဲခြင်း (၁၀)နှစ်မြောက်အထိမ်းအမှတ်နေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့တက်ရောက်






**ရန်ကုန် စက်တင်ဘာ ၁၉**
နီပေါနိုင်ငံ၏ အခြေခံဥပဒေရေးဆွဲခြင်း (၁၀) နှစ်မြောက်အထိမ်းအမှတ်နေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားကို ယနေ့ ည ၆ နာရီခွဲတွင် ရန်ကုန်မြို့ Pan Pacific Hotel ၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire နှင့် တာဝန်ရှိသူများက ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး နှင့် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက် လာကြသူများကို ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။




ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် နီပေါနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကိုဖွင့်လှစ်ပြီး နီပေါနိုင်ငံ ယဉ်ကျေးမှုအဖွဲ့က ရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghim-ireက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire တို့က နီပေါနိုင်ငံ၏ အခြေခံဥပဒေ ရေးဆွဲခြင်း (၁၀)နှစ်မြောက် အထိမ်းအမှတ်နေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။ **(ဝဲပုံ)**

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးနှင့် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများသည် အတူစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ညှော်ခံပွဲသို့ တက်ရောက် လာကြသူများကို သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါ ညှော်ခံပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးလွင်ဦးနှင့် ဇနီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူး၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လူမှုဖူလုံရေးအဖွဲ့၏ အမျိုးအသားအဆင့် လူမှုဖူလုံရေးအစည်းအဝေး (၂/၂၀၂၄)ကျင်းပ





**နေပြည်တော် စက်တင်ဘာ ၁၉**
အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့အစည်းအဝေး (၂/၂၀၂၄) ကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အမျိုးသားအဆင့်လူမှုဖူလုံရေးအဖွဲ့ဝင် အစိုးရကိုယ်စားလှယ်များ တက်ရောက်ကြပြီး အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက Online ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က လူမှုဖူလုံရေးစီမံကိန်းအပေါ် အလုပ်ရှင်၊ အလုပ်သမားများ အားကိုးယုံကြည်မှု ပိုမိုရရှိစေရန်နှင့် ပိုမိုကောင်းမွန်သည့် လူမှုရေးရလဒ်များ ပေါ်ထွန်းစေရန်မျှော်မှန်းကာ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ပါဝင်သည့် အမျိုးသားအဆင့်လူမှုဖူလုံရေးအဖွဲ့ကို ဖွဲ့စည်းပြီး သုံးပွင့်ဆိုင်ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်၍ အာမခံအလုပ်သမားများအတွက် ထိရောက်ကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ အလွယ်တကူ လက်လှမ်းမီရယူနိုင်ရန်နှင့် လူမှုဖူလုံရေးအကျိုးခံစားခွင့်များကို ဥပဒေနှင့်အညီ အမြန်ဆုံး ပေးအပ်နိုင်ရန်တို့အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အာမခံအလုပ်သမားများအား ပိုမိုထိရောက်ကောင်းမွန်ပြီး အလွယ်တကူ လက်လှမ်းမီသည့် ကျန်းမာရေးဝန်ဆောင်မှုများ ရရှိနိုင်ရန်အတွက် Provider Purchaser Split (PPS)စနစ်အရ ပုဂ္ဂလိကဆေးခန်း၊ ဆေးရုံများနှင့် စာချုပ်ချုပ်ဆို၍ Capitation Payment ဖြင့် ဆေးခန်း ၁၀ ခန်း၊ Fee for Service Payment စနစ်တို့ဖြင့် ဆေးခန်း ၆၂ ခန်းဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာ အာမခံအလုပ်သမားလူနာများကို ကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် မီးဖွားခြင်းဆိုင်ရာဝန်ဆောင်မှုအတွက် စာချုပ်ဆေးခန်း ၁၆ ခန်းတိုးချဲ့ဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိပြီး မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်များကို ပြန်လည်ပေးအမ်းလျက်ရှိရာ ၂၀၂၄ ခုနှစ် ဧပြီလမှ ဩဂုတ်လအထိ အာမခံအမျိုးသမီးအလုပ်သမား ၆၁၅၅ ဦးအတွက် ငွေကျပ်သန်း ၃၃၂၈ ဒသမ ၇၉၉ ကိုခွင့်ပြုထုတ်ပေးနိုင်ခဲ့ပြီး မြို့နယ်လူမှုဖူလုံရေးရုံးများသို့ ဥပဒေအရ တင်ပြလာသည့် အကျိုးခံစားခွင့် အမှုတွဲများကို အချိန်နှင့်တစ်ပြေးညီ ခွင့်ပြုထုတ်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် ဧပြီလမှ ဩဂုတ်လအထိ ငွေကျပ်သန်းပေါင်း ၇၂၁၀ ဒသမ ၈၇၂ ကိုလည်း ခွင့်ပြုထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

အာမခံအလုပ်သမားများအတွက် ကျောက်ကပ်သန့်စင်ခြင်း ဆေးဖိုးပြန်အမ်းငွေကို ခေတ်ကာလနှင့်အညီ တိုးမြှင့်သတ်မှတ်ပေးနိုင်ရေး၊ အူအတက်ခွဲစိတ်ခြင်းအတွက် ဆေးဖိုးကုန်ကျစရိတ်များကို ခွင့်ပြုပေးနိုင်ရေးနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ပြန်လည်ပေးအမ်းရာတွင် တိုးမြှင့်သတ်မှတ်ပေးနိုင်ရေး ယခုအစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်နိုင်ရေးအတွက် ပူးပေါင်း၍ ဆောင်ရွက်ပေးစေလိုကြောင်း။

## ညှိနှိုင်းဆောင်ရွက်လျက်ရှိ

မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်၍ မလေးရှားနိုင်ငံ၌ အလုပ်တွင်ထိခိုက် သေဆုံးသွားသူ မြန်မာအလုပ်သမား ၂၉ ဦးနှင့် အမြဲတမ်းမသန်စွမ်းဖြစ်သည့် မြန်မာအလုပ်သမား နှစ်ဦးတို့အတွက် မလေးရှားနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (PERKESO) မှ ကာလအပိုင်းအခြားအလိုက် ပေးအပ်သည့်အကျိုးခံစားခွင့်ငွေကျပ်သန်း ၇၃၀ ဒသမ ၉၉၄၊ မလေးရှားရင်းဂစ် ၃၃၆၁၆ ဒသမ ၀၅ ကို မှီခိုသူမိသားစုနှင့် အလုပ်သမားများ၏ ဘဏ်စာရင်းမှတစ်ဆင့် ခံစားရရှိခဲ့ပြီး မြန်မာရွှေ့ပြောင်းအလုပ်သမား အများဆုံးသွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် ထိုင်းနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (Social Security Organization) နှင့်လည်း အာမခံထားသူ မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ လူမှုဖူလုံရေးအကျိုးခံစားခွင့်များ မြန်မာနိုင်ငံသို့ လွှဲပို့နိုင်ရေး လူမှုဖူလုံရေးဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း။

လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး ယနေ့အစည်းအဝေး၌ ဆွေးနွေးတင်ပြချက်များအပေါ် တက်ရောက်လာကြသည့် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့၏ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာကိုယ်စားလှယ်များက ကောင်းမွန်မှန်ကန်သည့်အကြံပြုချက်များ ဆွေးနွေးတင်ပြကြရန် ပြောကြားသည်။

## သုံးသပ်ဆွေးနွေး

ထို့နောက် လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ယခင်(၁/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ပြီးစီးမှုနှင့် ယခု (၂/၂၀၂၄)အစည်းအဝေးတွင် ဆွေးနွေးမည့် လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ရန်အမှာစာများကို ရှင်းလင်းတင်ပြပြီး အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ အဖွဲ့ဝင်များက သုံးသပ်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အာမခံအလုပ်သမားများအတွက် ယခုထက်ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်စေရန်နှင့် လက်ရှိအကျုံးဝင်လွှမ်းခြုံမှုမှသည် တစ်မျိုးသားလုံး အကျုံးဝင်လွှမ်းခြုံနိုင်သည့် စီမံကိန်းဖြစ်စေရန်အတွက် အခြားအိမ်နီးချင်းနိုင်ငံများတွင် ကျင့်သုံးနေသည့် လူမှုဖူလုံရေးစနစ်များနှင့် နှိုင်းယှဉ်လေ့လာသုံးသပ်မှုများပြုလုပ်ပြီး လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဝမ္ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက် ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့်အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မ ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တောင်ငူခရိုင်အတွင်း ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ခဲ့ရသည့် ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးထောက်ပံ့

**တောင်ငူ စက်တင်ဘာ ၁၉**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ယနေ့ နံနက်ပိုင်းတွင် တောင်ငူခရိုင်အတွင်း ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ခဲ့ရသည့် ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးထောက်ပံ့သည်။

**ဂုဏ်ပြုငွေများပေးအပ်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်တို့နှင့်အတူ ရေတာရှည်မြို့နယ် ပိတောက်စမ်းကျေးရွာ၌ ရေပြန်လည်ကျဆင်းသွားသည့် အခြေခံပညာ မူလတန်းလွန်ကျောင်း၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုပေါင်းအားဖြင့် သန့်ရှင်းရေးပြုလုပ်နေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး စာသင်ကျောင်းများ ရေပြန်လည်ကျဆင်းပါက ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းပိတ်ရက်များတွင် ပြန်လည်အစားထိုးသင်ကြားနိုင်ရေးနှင့် ကျောင်းသုံးပရိဘောဂပျက်စီးမှုများ ပြင်ဆင်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားပြီး ကျောင်းအုပ်ဆရာမကြီးနှင့် သန့်ရှင်းရေးပြုလုပ်နေသည့်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးတို့သည် ရေတာရှည်မြို့နယ် ဘိုးတော်ကုန်းဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းရှိရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ရေဘေးသင့်အိမ်ထောင်စု ၅၉ စု၊ လူဦးရေ ၁၇၈ ဦးအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် အခြားစားသုံးဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဘိုးတော်ကုန်း ဘုန်းတော်ကြီးကျောင်း ပဓာနနာယက ဆရာတော်အား ဖူးမြော်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ရေဘေးသင့်ပြည်သူများအား ချက်ပြုတ်ကျွေးမွေးနေမှုကိုကြည့်ရှုစစ်ဆေးသည်။

**ကုန်စည်စီးဆင်းမှုမပြတ်တောက်စေရေး ဆောင်ရွက်**

ယင်းနောက် ရန်ကုန် - မန္တလေးလမ်းဟောင်း ရေတာရှည် - တောင်ငူလမ်းပိုင်း မိုင်(၁၆၂/၇) တောင်ငူမြို့အဝင်အထိ ကားလမ်းရေကျော်နေမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေကျော်သည့်နေရာများတွင် အန္တရာယ်ရှိ သတိပေးဆိုင်းဘုတ်များ၊ ယာဉ်လမ်းကြောင်းပြ အမှတ်အသားများထားရှိရန်နှင့် ကုန်စည်စီးဆင်းမှုမပြတ်တောက်စေရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တောင်ငူမြို့ သာသနဟိတကာရီဗိမာန်၌ ဖွင့်လှစ်ထားသည် တောင်ငူခရိုင် ရေဘေးကွပ်ကဲမှုရုံးသို့ ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံခဲ့မှု၊ ထောက်ပံ့မှုနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ တောင်ငူခရိုင်ခေတ္တအုပ်ချုပ်ရေးမှူးက တောင်ငူခရိုင်အတွင်း ရေကြီးရေလျှံဖြစ်ပွားခဲ့မှုနှင့် ကူညီကယ်ဆယ်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး၊ပြည်နယ်အလိုက်သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ချက်ချင်းအရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေးကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်သော်လည်း စနစ်တကျကြီးကြပ်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းအလိုက် အလှူရှင်များမှ လာရောက်လှူဒါန်းမှုအပေါ် ကြိုဆိုသော်လည်း အစားအဆိပ်သင့်ခြင်းဆိုင်ရာနှင့် အခြားကျန်းမာရေးဆိုင်ရာ ပြဿနာမဖြစ်ပွားစေရေးသက်ဆိုင်ရာယာယီရေဘေးရှောင်စခန်း တာဝန်ခံဌာနဆိုင်ရာများက ပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်သည် အစဉ်အမြဲကြုံတွေ့ရနိုင်သဖြင့် လူအသင့်၊ စက်ယာဉ်ယန္တရားအသင့်ရှိရန်နှင့် ဒေသခံပြည်သူများလည်း သဘာဝဘေးဆိုင်ရာအသိပညာများ တိုးပွားစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ယာယီပိတ်ထားခဲ့သည့်ကျောင်းများ၊ ဆေးခန်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်သကဲ့သို့ ရေဝင်ရောက်၍ ပိတ်ထားရသည့် ဌာနဆိုင်ရာရုံးများ ရုံးလုပ်ငန်းများ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေး အခြားရုံးများတွင် တွဲဖက်ဖွင့်လှစ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တောင်ငူဒေသတွင် သဘာဝဘေးဖြစ်ပွားမှုနှင့်ပတ်သက်၍ လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး အထူးအလေးထားဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက်တောင်ငူခရိုင်ရေဘေးကွပ်ကဲမှုရုံးသို့ ရှောဝတီဖောင်ဒေးရှင်းက လာရောက်လှူဒါန်းသည့် ဆန်အိတ် ၁၀၀၀ နှင့် ပွင့်ထူးစံကုမ္ပဏီကလှူဒါန်းသည့် ငွေကျပ်သိန်း ၅၀၀ ကို ပြည်ထောင်စုဝန်ကြီးက လည်းကောင်း၊ ဦးစိုင်းမွန်(မုန်းဝင်းမြန်မာ)မိသားစုက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က လည်းကောင်း၊ ပဲခူးနှင့် သနပ်ပင်မြို့နယ်ရှိ လုပ်ငန်းရှင်များက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၇၀ ကို တိုင်းမှူးကလည်းကောင်း လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**




ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူမြို့(၁၀)ရပ်ကွက်၊ အုတ်ကျွတ်(၁) မူလတန်းလွန်ကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ ရေဘေးသင့်အိမ်ထောင်စု ၁၁၈ စု၊ လူဦးရေ ၄၁၃ ဦးအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့်အခြေခံစားသုံးကုန်များ၊ ကလေးငယ်များအတွက် အာဟာရမုန့်များပေးဝေပြီး ယာယီရေဘေးရှောင်စခန်း၌ ချက်ပြုတ်ကျွေးမွေးနေမှုနှင့် သောက်သုံးရေသန့် စီစဉ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**တွေ့ဆုံအားပေးစကားပြောကြား**

ထို့အတူ တောင်ငူမြို့ အမှတ်(၁)ရပ်ကွက်၊ ရွှေဂူကြီးဘုရား၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ရေဘေးသင့်အိမ်ထောင်စု ၇၃ စု၊ လူဦးရေ ၂၇၂ ဦးအတွက် စောင်၊ ခြင်ထောင်၊ ခေါင်းအုံးနှင့် အခြေခံစားသုံးကုန်များ၊ ကလေးငယ်များအတွက် အာဟာရမုန့်များ ထောက်ပံ့ပေးအပ်ကာ တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ရေဘေးရှောင်စခန်းအလိုက် ချက်ပြုတ်ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဇေယျာသီရိမြို့နယ် ရတနာစံကျောင်းတိုက်၌ ရေဘေးရှောင်နေသော ဘုန်းတော်ကြီးကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ သီလရှင်ကျောင်းများရှိ ဆရာတော် သံဃာတော်များနှင့် သီလရှင်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း



နေပြည်တော် စက်တင်ဘာ ၁၉

**နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရတနာစံကျောင်းတိုက်၌ ရေဘေးရှောင်နေသော ဘုန်းတော်ကြီးကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် သီလရှင်ကျောင်းများမှ ဆရာတော် သံဃာတော်များနှင့် သီလရှင်များအား သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရတနာစံပရိယတ္တိစာသင်တိုက် ရတနာဘိမတ ဓမ္မဗိမာန်တော်၌ ကျင်းပပြုလုပ်ရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ဇေယျာသီရိမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် စည်ပင်သာယာ ရွာဦးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုလ္လန္ဒာ စက္ကထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ရတနာစံ ပရိယတ္တိစာသင်တိုက်၊ စည်ပင်သာယာ ရွာဦးကျောင်း၊ ဓမ္မပါလကျောင်း၊ သာစည်ကျောင်း၊ သာသနာ့ရောင်ခြည်ကျောင်း (ကျောက်ချပ်ရွာ) နှင့် မဟာသေဋ္ဌနာဒမင်းကျောင်း၊ ရွှေသာလွန်းဘုရားကြီးကျောင်း၊ ရွာသစ်ကျောင်း၊ ရှမ်းကျောင်း၊ ကျွန်းရောင်းရွာဦးကျောင်း၊ ဣန္ဒာကာရာမလေးသာကျောင်း၊ သီရိရတနာဒုန်တောဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မိုးကောင်းတောရကျောင်း၊ မြကန်သာကျောင်း၊ အောင်သပြေကျောင်း၊ စိမ်းစားပင်ကျောင်း၊ ရတနာ့ဂုဏ်ရည်ကျောင်း၊ ထိန်ပင်ကျောင်း၊ စည်ပင်ကြီးကျောင်း၊ သာယာကုန်းကျောင်း၊ သာယာစုကျောင်း၊ မိုးဃ်းကောင်းကျောင်း၊ ကြို့ပင်ဆိပ်ကျောင်း၊ သီရိမင်္ဂလာကျောင်း၊ မွန်းတည့်ခွင်ကျောင်း၊ ရွာသစ်ကြီးစာသင်တိုက်၊ သာယာဝှမ်းကျောင်း၊ ပညာအလင်းရောင်ကျောင်း၊ ကျည်တောင်ရွာဦးကျောင်း၊ ညောင်ပင်ကြီးကျောင်း၊ ဥတ္တမာရုံကျောင်း၊ ရွှေပေးကျောင်း၊ ကြို့ပင်ကျောင်း၊ ပညာ့ဗိမာန်ကျောင်း၊ သာသနာ့ရောင်ခြည်ကျောင်း (သာယာကုန်းကျေးရွာ)၊ သာသနာ့ဇောတိကကျောင်း၊ ရွှေသင်းဖြူး၊ ရွှေကံ့ကော်ကျောင်း၊ ချောင်းကမ်းကြီးကျောင်းနှင့် ဓမ္မသုခလယ်ပြင်ဦးကျောင်းတို့မှ ဆရာတော် သံဃာတော်များနှင့် ဇေယျမဏ္ဍိုင်သီလရှင်ကျောင်းမှ သီလရှင်ဆရာကြီးအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ၊ အရှင်ဂဝမ္ပတိ မထေရ်စာအုပ်များကို ဆက်ကပ်လှူဒါန်းကြသည်။

### ရေစက်သွန်းချအမျှပေးဝေ

ယင်းနောက် ဆရာတော် သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည့် ရေဘေးကို တားဆီးတော်မူခဲ့သော အရှင်ဂဝမ္ပတိ မထေရ်မြတ်၏ ဂဝမ္ပတိတွေ့ရဂါထာတော်ကို နာယူကြည်ညို၍ စည်ပင်သာယာရွာဦးကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရား နာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဗုဒ္ဓသာသနာပြုဓမ္မရိပ်သာ မဟာဗောဓိမြိုင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကေလာသအား ဖူးမြော်ကြည်ညိုပြီး ဆန်၊ ဆီ၊ ဂဝမ္ပတိတွေ့ရဂါထာတော်စာအုပ်များနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး မဟာဗောဓိမြိုင်တရားရိပ်သာတွင် ရေဘေးရှောင်နေသော နေပြည်တော်ကောင်စီနယ်မြေ၊ အောင်သာရွာ၊ သာစည်ရွာ၊ ရွှေတွင်းကုန်းရွာနှင့် အေးမြင့်သာယာရွာတို့မှ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြား၍ ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော် ၁၀၈ ဆူ၊ အစားအသောက်များနှင့် အိမ်ထောင်စုတစ်စုချင်းအလိုက် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မရှိခဏကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိက္ခာစာရအား ဖူးမြော်ကြည်ညို၍ ဂဝမ္ပတိတွေ့ရဂါထာတော်စာအုပ်များနှင့် လှူ ဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး မရှိခဏကျောင်း၌ ရေဘေးရှောင်နေသော နေပြည်တော်ကောင်စီနယ်မြေ၊ သူရဲသမိန်ရွာနှင့် ဖီးကုန်းရွာတို့မှ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားကာ ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော် ၁၀၈ ဆူ၊ အစားအသောက်များနှင့် အိမ်ထောင်စုတစ်စုချင်းအလိုက် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရေဘေးရှောင်ဘုန်းတော်ကြီးကျောင်း ၃၈ ကျောင်းနှင့် သီလရှင်ကျောင်း တစ်ကျောင်း၊ စုစုပေါင်း ၃၉ ကျောင်းရှိ ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးတို့ကို သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုငွေကျပ် ၇၈ သိန်းနှင့် ရေဘေးသင့်ဒေသခံများအား ထောက်ပံ့ငွေကျပ် ၁၆၄၀၀၀၀ လှူဒါန်းခဲ့သည်။ ထို့ပြင် စင်တင်ဘာ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၉ ရက်တို့တွင်ရေဘေးရှောင်ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း စုစုပေါင်း ၉၄ ကျောင်းတို့ကို ဝတ္ထုငွေ ၁၈၈ သိန်းကျပ်နှင့် သင်္ကန်း ၅၆၄ စုံ၊ ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော် ၄၈၆ ဆူ၊ ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ တဘက်၊ ဆပ်ပြာမှုန့် စသည့် ဝတ္ထုပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သာစည်မြို့နယ် မီးသတ်ဦးစီးဌာနက ရေဝင်ရောက်ခဲ့သည့် မောင်းမဆည်ကျေးရွာ အလက၌ သန့်ရှင်းရေးဆောင်ရွက်



**သာစည် စက်တင်ဘာ ၁၉**

သာစည်မြို့နယ်တွင် ကျောင်းများအတွင်း ရေဝင်ရောက်ခဲ့မှုကြောင့် ကျောင်းသား ကျောင်းသူများ ပညာသင်ယူရာတွင် နှောင့်နှေးမှုမရှိစေရန် စက်တင်ဘာ ၁၉ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်း ဦးဆောင်၍ မောင်းမဆည်ကျေးရွာ အခြေခံပညာ အလယ်တန်း ကျောင်းအတွင်း သန့်ရှင်းရေး ဆောင်ရွက်သည်။

ထိုသို့ သန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ကျေးရွာသူ ရွာသားများ စုပေါင်းကာ ရွှံ့နွံများ အမှိုက်များအား ဖယ်ရှားရှင်းလင်းခြင်း၊ စာသင်ခုံများ သန့်ရှင်းစေရေး ဆောင်ရွက်ခြင်း၊ မီးသတ်ယာဉ်ဖြင့် ရေထိုးဆေးကြောခြင်းများကို စုပေါင်းဆောင်ရွက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်၍ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းကို စက်တင်ဘာ ၁၈ ရက်က ရပ်ကွက်၊ ကျေးရွာများအတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ကူညီမှုအသင်းအဖွဲ့များက အသံချဲ့စက်များဖြင့် လှည့်လည်အသိပေး နှိုးဆော်စဉ်။ အောင်ဇင်မြင့်(ပြန်/ဆက်)

❑ ရှေ့ဖုံးမှ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး တာဝန်ရှိသူများက မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးအပ်သည်။

ထိုသို့လွှဲပြောင်းပေးအပ်ရာတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနန္ဒဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ဗဟိုကာကွယ်ဆေးအအေးခန်း (ရန်ကုန်) သို့ အအေးလမ်းကြောင်းမပြတ်ပို့ဆောင်ခဲ့သည်။

အဆိုပါ ကာကွယ်ဆေးများကို ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်ဖြစ်ပွားခဲ့သော မြို့နယ်၊ ရပ်ကွက်များရှိ စာသင်ကျောင်းများ၊ သင်တန်းကျောင်းများ၊ ဘော်ဒါဆောင်များ၊ ဘုန်းတော်ကြီး ပညာသင်ကျောင်းများ၊ သီလရှင်ကျောင်းများ၊ ပရဟိတဂေဟာကျောင်းများ၊ ဘာသာရေးကျောင်းများ၊ မိဘမဲ့ကျောင်းများ၊ ဘိုးဘွားရိပ်သာများ၊ ကယ်ဆယ်ရေးစခန်းများ၊ ဈေးများ၊ အစားအသောက်ဆိုင်တန်းများ၊ စက်ရုံ၊ အလုပ်ရုံများ၊ အကျဉ်းထောင်များ၊ လူနေထူထပ်ပြီး သန့်ရှင်းသောသောက်သုံးရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုအားနည်းသော နေရာများတွင် တုံ့ပြန်ကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများကို ဦးတည်အုပ်စုများအလိုက် ဦးစားပေးတိုက်ကျွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၉ ရက်က သာယာဝတီမြို့နယ် တိုက်ကျောင်းဘုန်းတော်ကြီးကျောင်း အတွင်း၊ အပြင်၌ သာယာဝတီမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲစိုး ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စိတ် (သာယာဝတီ) မှ ရဲအုပ်ဥက္ကာသွင်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ ရဲအုပ် တင်ဌေး၊ သစ်တောရဲတပ်ဖွဲ့ ဒုတိယရဲမှူး လှဌေး တို့ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



မိတ္ထီလာမြို့တွင် စက်တင်ဘာ ၁၈ ရက်က လေပြင်းတိုက်ခတ်၍ မိုးရွာသွန်းမှုကြောင့် လုံးပတ် ငါးပေခန့်ရှိ ကုက္ကိုပင်နှစ်ပင် အမြစ်မှ ကျွတ်ကာ မိတ္ထီလာတက္ကသိုလ်အတွင်း သွယ်တန်းထားသည့် 11KV မီးကြိုးများပေါ်သို့ လဲကျမှုကြောင့် စက်တင်ဘာ ၁၉ ရက်က ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းပေးစဉ်။ မောင်ကျော်ကြီး

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်စက်မှုနယ်မြေရှိ စက်ရုံများ ကြည့်ရှုစစ်ဆေးပြီး ရေဘေးသင့်ဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်



**နေပြည်တော် စက်တင်ဘာ ၁၉**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်စက်မှုနယ်မြေရှိ မီးခံအုတ်စက်ရုံ၊ စက်ဘီးစက်ရုံ၊ အပ်ချုပ်စက်စက်ရုံ၊ ဖိနပ်စက်ရုံ၊ အမှတ်(၉)အထည်စက်ရုံတို့တွင် ကုန်ပစ္စည်းထုတ်လုပ်နေမှု လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်တွင်း၌ လိုအပ်သော ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန်၊ ဒေသခံပြည်သူများအား အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးအတွက် အထည်ချုပ်လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်၊ ဖိနပ်ချုပ်လုပ်သည့် လုပ်ငန်းများကိုလည်း အရည်အသွေးကောင်းမွန်စွာဖြင့် တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်မြို့ရှိ ဆေးဝါးစက်ရုံ (အင်ရောင်း) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် မိုးအဆက်မပြတ်ရွာသွန်းသဖြင့် ရေကြီးရေလျှံမှုကြောင့် နေအိမ်များ မျောပါပျက်စီးခြင်း၊ နေအိမ်များအတွင်း ရေများဝင်ရောက်ခြင်းတို့ကြောင့် ပစ္စည်းများပျက်စီးဆုံးရှုံးခဲ့ရသည့် ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနမှ ကျောက်ဆည်ခရိုင်အတွင်း တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနက် ရေလွှမ်းမိုးမှု သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု အများဆုံးအဆင့် ဝန်ထမ်းမိသားစု ၁၇ စု၊ ပျက်စီးဆုံးရှုံးမှု အလယ်အလတ်အဆင့် ဝန်ထမ်းမိသားစု ၄၂ စု၊ ပျက်စီးဆုံးရှုံးမှု အနည်းဆုံးအဆင့် ဝန်ထမ်းမိသားစု ၁၅၆ စု၊ စုစုပေါင်း ဝန်ထမ်းမိသားစု ၂၁၅ စုရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အဆိုပါဝန်ထမ်းမိသားစုများ၏ လိုအင်ဆန္ဒအတိုင်း ဖြည့်ဆည်းပေးနိုင်မှုမရှိသော်လည်း လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ရေကြီးရေလျှံမှုများ ဖြစ်ပွားပြီးနောက် ရေကြောင့်ဖြစ်တတ်သည့် အူရောင်ငန်းဖျားရောဂါ၊ အဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ စသည့်ရောဂါ များမဖြစ်ပွားအောင် အထူးသတိပြု နေထိုင်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များအား "အန္တရာယ်ဖြစ်ပွားမှု လျော့ပါးရေးနှင့် ကြိုတင်ကာကွယ်ခြင်း၊" "ဘေးအန္တရာယ်မကျရောက်မီ ကြိုတင်အသင့်ပြင်ဆင်ခြင်း၊" "အရေးပေါ်တုံ့ပြန်ခြင်း"နှင့် "ပြန်လည်ထူထောင်ခြင်း"စသည့် အဆင့်(၄)ဆင့်ဖြင့် စီမံခန့်ခွဲကြကြောင်း၊ သဘာဝဘေးအန္တရာယ်များဖြစ်ပွားပါက ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် "အန္တရာယ်ဖြစ်ပွားမှု လျော့ပါးရေးနှင့် ကြိုတင်ကာကွယ်ခြင်းအဆင့်" သည် အကောင်းဆုံးနှင့် အထိရောက်ဆုံးနည်းလမ်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်ရုံမှူးများက ရေကြီးရေလျှံမှုကြောင့် ဝန်ထမ်းများ၏နေအိမ်များ ပျက်စီးဆုံးရှုံးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရေကြီးရေလျှံမှုကြောင့် နေအိမ်များပျက်စီးဆုံးရှုံးခဲ့ရသည့် အမှတ်(၇) အထည်စက်ရုံ(မြစ်သား)၊ အမှတ်(၉) အထည်စက်ရုံ (ကျောက်ဆည်)၊ အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)၊ ဆေးဝါးစက်ရုံ (အင်ရောင်း)တို့မှ ဝန်ထမ်းအိမ်ထောင်စု ၂၅၁ စုတို့ကို ငွေကျပ် ၄၅၅ သိန်း၊ ဖိနပ်အရန် ၂၅၀ နှင့် ခတ်ဆားထုပ်များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)သို့ ရောက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာနမှ မှာယူထားသည့် ဆေးရုံသုံး ပရိဘောဂများ ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ ကျန်းမာရေးဝန်ကြီးဌာနမှ အမှာစာဖြင့် မှာယူထားသည့်ပစ္စည်းများကို အချိန်မီထုတ်လုပ်ပေးပို့နိုင်ရေး အလေးထား ဆောင်ရွက်ရန်၊ စက်ရုံမှထုတ်လုပ်သည့် ပစ္စည်းများနှင့် ပတ်သက်၍ အရည်အသွေးတစ်သမတ်တည်း ထိန်းသိမ်းထားနိုင်ရန်အတွက် အရည်အသွေး စစ်ဆေးရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၇)အထည်စက်ရုံခွဲ (ဝမ်းတွင်း)သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ယခုရက်ပိုင်းအချိန်တွင် မိုးအဆက်မပြတ်ရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့် ဝန်ထမ်းများ၏ မိသားစုများ ထိခိုက်ပျက်စီးဆုံးရှုံးမှု အခြေအနေကို မေးမြန်းပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ဝက်ဖြူကုန်းကျေးရွာတွင် အစာအဆိပ်သင့်ဖြစ်ပွားမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**(၁၉-၉-၂၀၂၄)ရက်နေ့**

၁။ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ဝါးတီးကျေးလက်ကျန်းမာရေးဌာနအပိုင် ဝက်ဖြူကုန်းကျေးရွာ ရွှေဖြူရတနာစာသင်တိုက်တွင် (၁၈-၉-၂၀၂၄) ရက်နေ့၊ နံနက်ပိုင်း၌ အလှူရှင်များမှ လာရောက်လှူဒါန်းသော ကြာဆံကြော်၊ အချဉ်နှင့် ထမင်း၊ ကြက်ဥမန်ကျည်းမှည့်ချက်များအား ကျေးရွာနေပြည်သူများက စားသုံးပြီးနောက် ည (၈:၀၀) နာရီခန့်တွင် ဗိုက်နာခြင်း၊ အော့အန်ခြင်းနှင့် ဝမ်းလျှောခြင်းစသည့် အစာအဆိပ်သင့်ရောဂါလက္ခဏာများ ဖြစ်ပွား၍ ပြည်သူ့ဆေးရုံကြီး တောင်ငူမြို့သို့ ပြင်ပလူနာအဖြစ် ၆၈ ဦး၊ အတွင်းလူနာအဖြစ် ၆၅ ဦး လာရောက်ကုသမှုခံယူခဲ့ပြီး ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ အထူးကုဆရာဝန်ကြီးများက အနီးကပ်ကြည့်ရှုကုသမှုပေးခဲ့ရာ လူနာများအခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိပါသည်။

၂။ သတင်းရရှိလျှင်ရရှိချင်း (၁၈-၉-၂၀၂၄)ရက်နေ့ ညနေပိုင်းတွင် ရောဂါဖြစ်ပွားရာ ဝက်ဖြူကုန်းကျေးရွာ ရွှေဖြူရတနာစာသင်တိုက်သို့ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အုတ်တွင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများပါဝင်သော ကွင်းဆင်းအဖွဲ့နှင့် ညောင်လေးပင်မြို့နယ်မှ ဆရာဝန် ဦးဆောင်သော ဆေးအဖွဲ့တို့က ကွင်းဆင်း၍ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

၃။ ဆေးရုံတက်လူနာများအနက် အတွင်းလူနာ ၄၁ ဦးသည် ရောဂါသက်သာကောင်းမွန်သဖြင့် (၁၉-၉-၂၀၂၄) ရက်နေ့ နံနက်ပိုင်းတွင် ဆေးရုံမှ ဆင်းခွင့်ပြုပြီးဖြစ်ပါသည်။

၄။ သဘာဝဘေးဒဏ်ခံစားရသောပြည်သူများအား အစားအသောက်များ လှူဒါန်းရာတွင် အလှူရှင်များအနေဖြင့် ပူပူနွေးနွေး ပြင်ဆင်ထားသည့် သန့်ရှင်းသော အစားအသောက်များကို မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့် ပေးပို့လှူဒါန်းကြရန်နှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများမှ စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များကို ကျန်းမာရေးနှင့် ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် ကျန်းမာရေးဌာနမှ တိုက်တွန်းနှိုးဆော်ထားပါသည်။

**ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ဝက်ဖြူကုန်းကျေးရွာတွင် အစာအဆိပ်သင့်ဖြစ်ပွားမှုနှင့်ပတ်သက်၍ မှတ်တမ်းဓာတ်ပုံများ (၁၉ - ၉ - ၂၀၂၄)**



ပြည်သူ့ဆေးရုံကြီး တောင်ငူမြို့သို့ လူနာများ ရောက်ရှိလာစဉ်။



ပြည်သူ့ဆေးရုံကြီး တောင်ငူမြို့တွင် လူနာများ ဆေးကုသမှုခံယူစဉ်။



ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးမှ ကွင်းဆင်းကြည့်ရှုစဉ်။



ဝက်ဖြူကုန်းကျေးရွာ ရွှေဖြူရတနာစာသင်တိုက်သို့ ကွင်းဆင်း ကြည့်ရှုစဉ်။

# အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၉ ရက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သောရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက် နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏ နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာ တွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတု အခြေအနေအရ အလှူရှင်များမှ ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များအား ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ပွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့် အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များအား စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း စသည့်ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကို ထိခိုက်စေကြောင်း တွေ့ရှိရပါသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေး ချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှု အဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့် ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဒုတိယအကြိမ် အာဆီယံ - မဲခေါင်မြစ်ကော်မရှင်ရေဖူလုံရေးဆိုင်ရာ ဆွေးနွေးပွဲတက်ရောက်ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဗီယန်ကျင်းမြို့၌ ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် အာဆီယံ – မဲခေါင်မြစ်ကော်မရှင် ရေဖူလုံရေးဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ပြီး ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။




စက်တင်ဘာ ၁၇ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဗီယန်ကျင်းမြို့သို့ ရောက်ရှိရာ လာအိုနိုင်ငံ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

### အမှာစကားပြောကြား

စက်တင်ဘာ ၁၈ ရက်နံနက်ပိုင်းတွင် ဒုတိယအကြိမ် အာဆီယံ–မဲခေါင်မြစ်ကော်မရှင် ရေဖူလုံရေးဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဗီယန်ကျင်းမြို့ ဆုပ်ဖက်ထရာဟိုတယ်၌ ကျင်းပပြီး လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Saleumaxy Kommasith က အဖွင့်အမှာစကားပြောကြား၍ လာအိုနိုင်ငံ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီး H.E. Dr. Mrs. Bounkham Vorachit က ဂုဏ်ပြုအမှာစကားပြောကြားကာ မဲခေါင်မြစ်ကော်မရှင် အမှုဆောင်အရာရှိချုပ် Dr. Anoulak Kittikhoun က ရေလုံခြုံမှုဆိုင်ရာ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု အရှိန်မြှင့်တင်နိုင်ရေးဆိုင်ရာ နည်းလမ်းများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်များက သက်ဆိုင်ရာနိုင်ငံအလိုက် အမှာစကား ပြောကြားကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မဲခေါင်မြစ်သည် မဲခေါင်မြစ်ကော်မရှင်အဖွဲ့ဝင် နိုင်ငံများအတွက်သာမက အာဆီယံဒေသတွင်း နိုင်ငံများအတွက် အလွန်အရေးကြီးကြောင်း၊ မဲခေါင်မြစ်သည် ရေချိုအရင်းအမြစ်သာမက ငါးသယံဇာတများအပါအဝင် စားရေရိက္ခာဖူလုံရေး၊ ရေအားလျှပ်စစ်ထုတ်ယူသုံးစွဲနိုင်ရေး၊ ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးများအတွက် အလွန်အရေးပါလျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် အာရှဒေသရှိ ရေအရင်းအမြစ်တစ်ခုလုံး၏ ၁၂ ရာခိုင်နှုန်းနှင့် အာဆီယံနိုင်ငံများအားလုံးရှိ ရေအရင်းအမြစ်များ၏ ၁၆ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည့်အတွက် ရေအရင်းအမြစ် ပေါ်ကြွယ်ဝသည့် နိုင်ငံဖြစ်ကြောင်း၊ ယခုအခါ ရာသီဥတုပြောင်းလဲမှုကြောင့် ရေနှင့်ဆက်နွှယ်သည့် ပြဿနာများသည် ကမ္ဘာ့နိုင်ငံအများအပြားတွင် ကျရောက်လျက်ရှိကြောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရေးနှင့် ရေလုံခြုံရေးအတွက် တီထွင်ဖန်တီးမှုရှိသော မူဝါဒများချမှတ်ခြင်း၊ ရေစီမံခန့်ခွဲမှု ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊ သဘာဝကိုအခြေခံသော နည်းလမ်းများနှင့် ဆန်းသစ်သော နည်းပညာများဖော်ဆောင်၍ စနစ်တကျအသုံးချခြင်း၊ ရေစီမံခန့်ခွဲမှုဆိုင်ရာကဏ္ဍများတွင် ပိုမိုရင်းနှီးမြှုပ်နှံခြင်း၊ လူ့စွမ်းအား အရင်းအမြစ် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနိုင်ငံများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### ရှေ့လုပ်ငန်းစဉ်များချမှတ်

ဆက်လက်၍ တက်ရောက်လာသူများက မဲခေါင်ဒေသနှင့် အာဆီယံဒေသအတွင်း ရေဖူလုံရေး၊ ပတ်ဝန်းကျင် သက်ရောက်မှုများအပေါ် ကြံ့ကြံ့ခံနိုင်ရေးနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ထိရောက်ပြီး ဆန်းသစ်တီထွင်မှုရှိသော မူဝါဒများ ဖော်ဆောင်နိုင်ရေး ဆွေးနွေးခဲ့ကြပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ချမှတ်ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ရေသယံဇာတနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အဆင့်မြင့်အရာရှိကြီးများ၊ မဲခေါင်မြစ်ဝှမ်းကော်မရှင်ဥက္ကဋ္ဌ၊ မဲခေါင်မြစ်ကော်မရှင် အမှုဆောင်အရာရှိချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ တရုတ်၊ ကနေဒါ၊ ဩစတေးလျ၊ ဆွစ်ဇာလန်၊ နယူးဇီလန်နှင့် အမေရိကန်နိုင်ငံတို့မှ ရေစီမံခန့်ခွဲမှုဆိုင်ရာ ပညာရှင်များ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ၊ နိုင်ငံအဆင့် မဲခေါင်ကော်မတီ အထွေထွေအတွင်းရေးမှူးချုပ် Dr. Surasri Kidtimonton နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် တောမီးလောင်ကျွမ်းခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် လောင်ကျွမ်းသည့် အခြားမီးတို့မှ ဖြစ်ပေါ်လာသည့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအလိုက် သက်ဆိုင်ရာဌာနများပါဝင်သည့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီး စီမံချက်များ ရေးဆွဲဆောင်ရွက်နေမှု၊ မြန်မာနှင့် ထိုင်းနိုင်ငံ နယ်စပ်တစ်လျှောက် မြို့၊ ရွာများရှိ ဒေသခံပြည်သူများနှင့် ဆက်စပ်ပတ်သက်သည့် လုပ်ငန်းဌာနများကို အသိပညာပေးရေးလုပ်ငန်းများ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ထိုင်း – မြန်မာနယ်စပ်ရှိ မြို့၊ ရွာများတွင် ရေကြီးရေလျှံမှုများ တားဆီးကာကွယ်နိုင်ရေးအတွက် ကြိုတင်သတိပေးစနစ်တပ်ဆင်ခြင်း၊ ရေစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့် ရေဝေရေလဲသစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်း လုပ်ငန်းများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် လာအိုနိုင်ငံ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီး H.E. Dr. Mrs. Bounkham Vorachit နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံအတွင်း မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေး လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

### ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဘရူနိုင်းဒါရုစလမ်နိုင်ငံ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Dato Seri Setia Awang Haji Muhammad Juanda bin Haji Abdul Rashid နှင့် တွေ့ဆုံပြီး ဘရူနိုင်းဒါရုစလမ်နိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံတည်ထောင်မည့် အာဆီယံ ရာသီဥတုပြောင်းလဲမှုဗဟိုဌာန (ASEAN Climate Change Center–ACCC) တည်ထောင်နိုင်ရေးအတွက် မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးနိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြောက်ဥက္ကလာပ၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်



**ရန်ကုန် စက်တင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအဆင့်ဆင့်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းကို ယမန်နေ့က အ.ထ.က (၃) ကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လောဟာက အမှာစကားပြောကြားပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးစံသိန်းက သန်းခေါင်စာရင်းဆိုင်ရာ သဘောတရားများ ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် စာရင်းစစ်၊ စာရင်းကောက်ဆိုင်ရာ အကြောင်းအရာများနှင့် သန်းခေါင်စာရင်းဆိုင်ရာ သဘောတရားများကို နည်းပြဆရာ ဆရာမ ၂၂ ဦးတို့က သင်တန်းသား သင်တန်းသူ ၃၅၅ ဦးအား စက်တင်ဘာ ၁၇ ရက်မှ ၂၈ ရက်အထိ ၁၀ ရက်ကြာ စာတွေ့/လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်၌ စာရင်းကောက်ယူရာတွင် မြောက်ဥက္ကလာပမြို့နယ်အတွင်း ရပ်ကွက် ၁၉ စု၊ ကောက်ကွက်ပေါင်း ၆၃၀ တို့၌ စာရင်းစစ် ၅၃ ဦး၊ စာရင်းကောက် ၂၂၁ ဦး၊ စေတနာ့ဝန်ထမ်း ၈၁ ဦးတို့က Mobile Tablet များအသုံးပြု၍ တစ်အိမ်တက်ဆင်းစနစ်ဖြင့် စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်လွင်စိုး၊ အောင်ကျော်စိန် (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ရေသောက်စနစ်များ ရာသီချိန်မီအသုံးပြုနိုင်ရေး ဒေသအလိုက် ကွင်းဆင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၉

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရာဂီမုန်တိုင်းအကြွင်းအကျန်လေပွေလှိုင်းအရှိန်ဖြင့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုတွင် ထိခိုက်ပျက်စီးခဲ့သော ဆည်တမံရေပေးမြောင်း၊ ရေသောက်မြောင်းများ၊ မြစ်ရေတင်လုပ်ငန်းများ၊ ဆိုလာစနစ်မြေအောက် ရေတင်လုပ်ငန်းများ အချိန်မီပြန်လည်အသုံးပြုနိုင်ရေးအတွက် ဒေသအလိုက် ကွင်းဆင်းဆောင်ရွက်သည်။**



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာ မိုးစပါးစိုက်ကွင်းတွင် စိုက်ပျိုးရေးဦးစီးဌာနက သက်တမ်းတို စပါးမျိုးများပျိုးထောင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မိုးစပါးထိခိုက်ပျက်စီးခဲ့သည့် လုပ်ကွက်ငယ်တောင်သူများ ရာသီအချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် သက်တမ်းတို ရက် (၉၀) မျိုးစပါးများ၊ အသင့်ပျိုးထောင်ပြီး ပျိုးပင်များ ထောက်ပံ့ပေးနိုင်ရေး၊ မိုးစပါး ပြန်လည်စိုက်ပျိုးခြင်းအတွက် စက်မှုလယ်ယာဦးစီးဌာနက ထွန်ယက်ပေးရေး၊ ကောက်စိုက်စက် အသုံးပြုစိုက်ပျိုးနိုင်ရေးနှင့် လိုအပ်ချက်များ ကူညီပံ့ပိုးပေးနိုင်ရေး တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

**ညှိနှိုင်းပေါင်းစပ်**

ထို့နောက် ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာရှိ ဆင်သေရေတင်စက်ရုံ ပြန်လည်ပြုပြင် အသုံးပြုနိုင်ရေးနှင့် လက်ယာ (၁) မြောင်းမကြီး ပြုပြင်နေမှုကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်များရှိ ရေဆင်းဆည်ရေသောက် မြောင်းများ ပြုပြင်နေမှုကိုလည်းကောင်း၊ တပ်ကုန်းမြို့နယ်ရှိ ဆိုလာစနစ်မြေအောက်ရေတင်စက်များ ပြန်လည်အသုံးပြုနိုင်ရန် မွမ်းမံပြင်ဆင်မှုလုပ်ငန်းများကိုလည်းကောင်း ကွင်းဆင်းစစ်ဆေးပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့အတူ မိတ္ထီလာလွင်ပြင်ရှိ ဆည်တမံများ ရေသောက်စနစ်များ ထိခိုက်ပျက်စီးမှုကို အမြန်ဆုံးပြုပြင်အသုံးပြုနိုင်ရန် ကွင်းဆင်းဆောင်ရွက်လျက်ရှိသော ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်အဖွဲ့သည် ပျော်ဘွယ်မြို့နယ်ရှိ မင်းသားကြီးကန်မြေသားပေါင် ထိခိုက်ပျက်စီးခဲ့မှုကိုလည်းကောင်း၊ သာစည်မြို့နယ်ရှိစမုံရေထိန်းတမံတွင် ရေတိုက်စားမှုကြောင့် ထိခိုက်ပျက်စီးမှုများကို စက်ယန္တရားများ အသုံးပြု၍ ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုကိုလည်းကောင်း စစ်ဆေးပြီး စနစ်တကျပြန်လည်ပြုပြင်စီမံ၍ ရာသီချိန်အမီ ရေသိုလှောင်နိုင်ရေးနှင့် မူလရေသောက်ဧရိယာ (၂၁၆) ဧကကို စိုက်ပျိုးရေပြန်လည်ပေးဝေနိုင်ရေး တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

**ပုံမှန်ရေပေးဝေနိုင်ရေး**

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မြစ်သားမြို့နယ်ရှိ ကင်းတားလက်ဝဲ မြောင်းမကြီး ရေငုတ်ပွန်နှင့် စမုံရာဘာတမံရေကျော်၍ ထိခိုက်ပျက်စီးခဲ့မှုအခြေနေများကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြုပြင်ရမည့်လုပ်ငန်းစဉ်များ၊ ရေသောက်စနစ်အတွင်း ပုံမှန်ရေပေးဝေနိုင်ရေးအတွက် ရေတင်ပန့်တပ်ဆင်အသုံးပြုနိုင်ရေး နည်းလမ်းများ ရှာဖွေဖော်ထုတ်ဆောင်ရွက်ရန်၊ ကြီးမားသော ထိခိုက်မှုမရှိခဲ့သည့် ဇော်ဂျီရေသောက်၊ ကင်းတားရေသောက်စနစ်များတွင် စိုက်ပျိုးထုတ်လုပ်မှုအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်းကြိုးပမ်းကြရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး သီးနှံထိခိုက်ပျက်စီးမှုများအား ပြန်လည်ကုစားနိုင်မည့် နည်းလမ်းများနှင့် လိုအပ်သည့်အကူအညီများကို သက်ဆိုင်ရာဌာနများမှ ချိတ်ဆက်ရယူပြီး ဒေသ၏ လယ်ယာကုန်ထုတ်စွမ်းအား ကျဆင်းမသွားစေရေး ဝိုင်းဝန်းကြိုးပမ်းပေးကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အတွင်းနှင့် တပ်ကုန်းမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၉**

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေဘေးသင့်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အတွင်းနှင့် တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်ကြည့်ရှု အားပေးစကား ပြောကြားသည်။



**ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ခရိုင်သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် တွေ့ဆုံရာ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥက္ကဋ္ဌက ရမည်းသင်းခရိုင်အတွင်း ရေကြီးရေလျှံမှုများကြောင့် လူနေအိမ်များ၊ စာသင်ကျောင်းများ၊ လမ်း၊ တံတားများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုနှင့် ရေဘေးသင့်ပြည်သူများအား စားသောက်ကုန်၊ လူသုံးကုန်နှင့် ကျန်းမာရေး ထောက်ပံ့ပေးနေမှုနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနများအားလုံး ဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် ရေဘေးသင့်ဒေသများ မူလအခြေအနေထက် သာလွန်အောင် ဆောင်ရွက်သွားရန်၊ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရေး အမြန်ဆုံး ဆောင်ရွက်သွားရန် မှာကြားပြီး ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၅၅ ဒသမ ၇၄၅ သိန်း တန်ဖိုးနှင့်ညီမျှသည့် ဆန်၊ ဆီအပါအဝင် စားသောက်ကုန်ပစ္စည်းများအား ထောက်ပံ့ပေးအပ်သည်။

**ထောက်ပံ့ပေးအပ်**

ယင်းနောက် ပျော်ဘွယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် တွေ့ဆုံရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ပျော်ဘွယ်မြို့နယ်အတွင်း ရေကြီးရေလျှံခဲ့မှုနှင့် ပျက်စီးဆုံးရှုံးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြား၍ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ အပါအဝင် စားသောက်ကုန်ပစ္စည်း များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပျော်ဘွယ်မြို့နယ်၊ အရှေ့လျှော်ဖြူကုန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးကာကွယ်ရေးစခန်းတွင် ရောက်ရှိနေသည့် လျှော်ဖြူကုန်းကျေးရွာ ရေဘေးသင့် ပြည်သူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားပြီး ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ အပါအဝင် စားသောက်ကုန် ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်း များကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပျော်ဘွယ်မြို့နယ် ဘုရားငါးဆူလမ်းမှ နေပူကုန်း-ဆူးချင်ကုန်း ကျေးရွာချင်းဆက်လမ်းရေတိုက်စားပျက်စီးမှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြင်ဆင်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပျော်ဘွယ်မြို့ စိုက်ပျိုးရေးဦးစီးဌာန ဝါသီးနှံမျိုးသန့်ခြံရှိ ရှင်းလင်းဆောင်၌ ပျော်ဘွယ်မြို့နယ်အတွင်းရှိ ဆီထွက်သီးနှံ နေကြာစိုက်တောင်သူများ၊ ဝါစိုက်တောင်သူများနှင့် တွေ့ဆုံပြီး ပျော်ဘွယ်မြို့နယ်အတွင်း သမဝါယမအသင်း (၃) သင်းမှ နေကြာစိုက်အသင်းသားတောင်သူ ၆၀ ၏ စိုက်ပျိုးမြေဧက ၂၁၂ ဧကအတွက် ရေဆင်းစပ်မျိုးနေကြာမျိုးစေ့နှင့် သွင်းအားစုများ တောင်သူများထံ ပေးအပ်သည်။

ဆက်လက်၍ ရမည်းသင်းမြို့နယ် ဆည်ကြီးကျေးရွာအုပ်စု ညောင်အိုင်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ရွှေ့လျားရေသန့်စင်ကားဖြင့် သောက်သုံးရေ ဖြန့်ဝေပေးနေမှု၊ ကျေးရွာရှိ စက်ရေတွင်း၊ လူနေအိမ်များနှင့် စာသင်ကျောင်း ရေကြီးနစ်မြုပ်ခဲ့ပြီး နုန်းများ တင်ကျန်နေမှု၊ ကျေးရွာချင်းဆက်လမ်းများ လမ်းပခုံးပျက်စီးမှု အခြေအနေများကိုလည်းကောင်း၊ ချောင်းခွကျေးရွာအဝင် နဝင်းချောင်းတံတား(ချောင်းခွ) တံတားကမ်းကပ်ခုံများ ပျက်စီးခြင်း၊ ချဉ်းကပ်လမ်း ရေတိုက်စား၍ လမ်းတာပေါင် ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး ပြန်လည်ပြင်ဆင် ဆောင်ရွက်ပြီးမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဆွေးနွေးမှာကြားကာကျေးရွာ၌ အခြေချပြန်လည်နေထိုင်သည့် ချောင်းခွကျေးရွာရှိ အိမ်ထောင်စု (၅၈) စု၊ မကျီးပင်ကျေးရွာရှိ အိမ်ထောင်စု(၂၀)၊ အမှတ်(၁၀၉) ခြေမြန်တပ်ရင်းရှိ ရေဘေးသင့်တပ်မိသားစုများနှင့် ရေဘေးရှောင် အိမ်ထောင်စု (၁၁၀) တို့အတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်(၆) ပြည်နှင့် ဆီ(၅၀)သားစီ ထောက်ပံ့ပေးအပ်သည်။

တပ်ကုန်းမြို့နယ် ချောင်းခွကျေးရွာအဝင် နဝင်းချောင်းကူးတံတား(ချောင်းခွ)အား ပြန်လည်ပြင်ဆင်ပြီးဖြစ်ပါသဖြင့် အများပြည်သူများ ပုံမှန်ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၉**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။ **မိုး/ဇလ**

# ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ရာဂီမုန်တိုင်းနှင့်ဆက်စပ်၍ ရေဘေးများဖြစ်ပွားလျက်ရှိရာ ရေဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများအား ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay QR Code နံပါတ် 70157401001 သို့လည်းကောင်း၊ KBZ Pay QR ကို Scan ဖတ်၍လည်းကောင်း၊ CB Pay ၊ OK$ နှင့် AYA Pay များ၏ QR ကို Scan ဖတ်၍လည်းကောင်း၊ Wave Money ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂) နှင့် (၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း၊ Wave Money QR များကို Scan ဖတ်၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။







၃။ ဘဏ်များမှလှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

( ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း(Account Transfer)နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ နိုင်ငံခြားငွေဖြင့်လှူဒါန်းလိုပါက မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ရန်ကုန်မြို့တွင် ငွေစာရင်းအမှတ် (0111284000000063)ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

( ခ) ပြည်တွင်း/ပြည်ပမှနိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့်-

- SWIFT CODE/BIC – MFTBMMMY
- Beneficiary Name – Natural Disaster Management Fund
- Beneficiary A/C No – 0111284000000063 သို့ လှူဒါန်းနိုင်ပါသည်။

၅။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့်လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

( ခ ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

( ဂ ) ပြည်တွင်း/ပြည်ပမှနိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့်-

- SWIFT CODE – MYEBMMMY
- Beneficiary Name – Natural Disaster Management Fund
- Beneficiary A/C No – EDN-600018 သို့လှူဒါန်းနိုင်ပါသည်။

၆။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅<br>၀၉-၄၂၀၇၄၀၁၆၀ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း၊ညွှန်ကြားရေးမှူး<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

၇။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည်-

(က) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

( ခ) ရုံးအမှတ် (၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

( ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄ x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်

**ရန်ကုန် စက်တင်ဘာ ၁၉**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့် အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးသည် သက်ဆိုင်ရာသံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံးအေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မခင်ခင်လွင်အောင်အား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ယူအေအီးနိုင်ငံမှ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပြီး မခင်ခင်လွင်အောင်သည် စက်တင်ဘာ ၁၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဒူဘိုင်း – ရန်ကုန် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ည ၁၀ နာရီ ၁၅ မိနစ်တွင် ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာကောင်စစ်ဝန်ချုပ်



ရုံးနှင့် မြန်မာသံရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ညီမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ- ကနူး**

## အလုပ်သမားဥပဒေပါရပိုင်ခွင့်များ အသိပညာပေးဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနက သင်ထောက်ကူယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၈ ရက်က သန်လျင်မြို့နယ် အလွမ်းဆွတ်ကျေးရွာရှိ Myanmar Golden Eagle Co.,Ltd (ဖန်ချက်စက်ရုံ)နှင့် Leader One (Myanmar) Limited (အထည်ချုပ်စက်ရုံ)တို့၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန သန်လျင်ခရိုင်ရုံးမှ



လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်သီရိကျော်နှင့် ဦးစီးအရာရှိ ဒေါ်အိအိချို (အလုပ်ရုံစစ်ဆေးရေး)တို့က အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ဌာန (SEAMEO CHAT) ၏ (၂၃) ကြိမ်မြောက် စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးသို့ တက်ရောက်




**နေပြည်တော် စက်တင်ဘာ ၁၉**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယနေ့နံနက် ၁၀ နာရီတွင် video conferencing စနစ်ဖြင့် ကျင်းပသည့် ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ဌာန၏ (၂၃) ကြိမ်မြောက် စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးသို့ တက်ရောက်သည်။ (ယာပုံ)

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အရှေ့တောင်အာရှဒေသ၏ သမိုင်းဝင်အမွေအနှစ်များနှင့် ရိုးရာယဉ်ကျေးမှုဓလေ့ ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ဌာနကို ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း၊ အရှေ့တောင်အာရှ ပညာရေး ဝန်ကြီးများအဖွဲ့ (Southeast Asian Ministers of Education Organization – SEAMEO)၏ အဖွဲ့ဝင်နိုင်ငံများတွင် ဆီမီယိုဒေသဆိုင်ရာဌာန ၂၆ ခု ရှိသည့်အနက် မြန်မာနိုင်ငံ၌ ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ဌာန(SEAMEO CHAT) ကို ၂၀၀၀ ပြည့်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ထိုအချိန်မှစ၍ SEAMEO CHAT ၏ စီမံခန့်ခွဲရေး အဖွဲ့အစည်းအဝေးကို ရန်ကုန်မြို့တွင် ၁၈ ကြိမ်၊ နေပြည်တော်တွင် နှစ်ကြိမ်နှင့် မန္တလေးနှင့် ပုဂံတို့တွင် တစ်ကြိမ်စီ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် အနာဂတ် ရှေ့လုပ်ငန်းအစီအမံများ အောင်မြင်ရေး ဆွေးနွေးညှိနှိုင်း၊ အကြံပြု ဆုံးဖြတ်ခြင်းများ ပြုလုပ်ကြသည့် ယခုကဲ့သို့သော စီမံခန့်ခွဲရေး အဖွဲ့အစည်းအဝေးသည် မရှိမဖြစ်လိုအပ်ပြီးတိုးတက်မှုများကို ဆောင်ကြဉ်းနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ဆီမီယိုအတွင်းရေးမှူးချုပ်ရုံး၊ စီမံခန့်ခွဲရေးနှင့်ဆက်ဆံရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး Ms. Pintip Lamnirathi၊ SEAMEO CHAT မှ ညွှန်ကြားရေးမှူးနှင့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၌ EV ဘက်ထရီစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒ (မူကြမ်း)နှင့် စပ်လျဉ်းသည့် Stakeholder အစည်းအဝေးကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၉**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီမှ ချမှတ်ထားသော မူဝါဒ၊ ညွှန်ကြားချက်များနှင့်အညီ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသည် နိုင်ငံတော်တွင် လျှပ်စစ်သုံးယာဉ် (Electric Vehicle၊ EV) နည်းပညာ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာ ပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌဖြစ်သူ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့က ရန်ကုန်မြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) တွင် ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံ လျှပ်စစ်သုံးယာဉ်များ၏ ဘက်ထရီစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒ (မူကြမ်း) နှင့် စပ်လျဉ်း၍ Stakeholder အစည်းအဝေးကို တက်ရောက် အမှာစကား ပြောကြားသည်။

ဒုတိယဝန်ကြီးက ပြောကြားရာတွင် နိုင်ငံတော်၌ EV ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီက ၂၀၃၀ ပြည့်နှစ်အထိ မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ EV သုံးစွဲမှုများ တိုးတက်လာသည်နှင့်အမျှ EV Battery စွန့်ပစ်ပစ္စည်းများ ရှိလာမည်ဖြစ်ရာ စွန့်ပစ်ခြင်းနှင့် ပြန်လည်အသုံးပြုခြင်းမှ သဘာဝပတ်ဝန်းကျင်နှင့် ပြည်သူများ၏ ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုများ လျှော့ချနိုင်ရေး၊ ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းရေး မျှော်မှန်းကာ ဘက်ထရီစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒ (မူကြမ်း) ကို ဆက်စပ်ဌာနများနှင့် ပူးပေါင်းရေးဆွဲလျက်ရှိကြောင်း။

EV ဘက်ထရီ ထုတ်လုပ်ရေးဆိုင်ရာ သယံဇာတရင်းမြစ်များသည် အကန့်အသတ်ရှိပြီး အကျိုးရှိစွာ သုံးစွဲနိုင်ရန်အတွက် အချိန်မတိုင်မီ စွန့်ပစ်ခြင်းမှ ကြိုတင်ကာကွယ်မှု (Prevention)၊ ပထမသက်တမ်းအတွက် အသုံးပြုပြီးသား ဘက်ထရီဆဲလ်များကို ဒုတိယ သက်တမ်းအတွက် ပြန်လည်အသုံးပြုခြင်း (Reuse)၊ ဘက်ထရီများရှိ အဖိုးတန်ကုန်ကြမ်းများကို ပြန်လည်ထိန်းသိမ်းအသုံးချခြင်း (Recycling)၊ စွမ်းအင်အတွက် ပြန်လည်ရယူထားသောဘက်ထရီပစ္စည်းများကို အသုံးပြုခြင်း (Recovery)၊ ဘက်ထရီများရှိ အဖိုးတန်ပစ္စည်းများအားလုံး ကုန်ဆုံးချိန်မှသာ စွန့်ပစ်ခြင်း (Disposal)တို့အတွက် လုပ်ငန်းစဉ်များအလိုက် စည်းမျဉ်းစည်းကမ်းအချက်များ (မူကြမ်း) များကို ရေးဆွဲလျက်ရှိရာ ဆက်စပ်ဌာနများ၊ ပြင်ပ EV အဖွဲ့အစည်းများပါဝင်သော Stakeholder အားလုံးထံမှ သဘောထားများနှင့် အကြံဉာဏ်များရယူကာ ပိုမိုပြည့်စုံသော မူဝါဒ (မူကြမ်း) ကို ရေးဆွဲနိုင်ရေး ယနေ့ဆွေးနွေးကြရခြင်းဖြစ်ကြောင်း၊ ရလဒ်များကို အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီထံ ဆက်လက်တင်ပြဆောင်ရွက်သွားရန်ရှိပါကြောင်း။

EV ဆိုင်ရာ စံချိန်စံညွှန်း ၁၈ ခုတို့ကို သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး EV ဘက်ထရီအတွက် ခြောက်ခု ပါဝင်ကြောင်း၊ EV Battery စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ သုတေသန၊ နည်းပညာနှင့် ပညာရှင်ရင်းမြစ်များ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ EV ဘက်ထရီ သက်တမ်းနှင့်အညီ သုံးစွဲမှု၊ ဘေးကင်းလုံခြုံစွာ ထိန်းသိမ်းမှုနှင့် စွန့်ပစ်မှုများအတွက် လိုက်နာရမည့် စည်းကမ်းချက်များ၊ စံချိန်စံညွှန်းများနှင့် လုပ်ငန်းစဉ် (SOP) များကို EV သုံးစွဲသူပြည်သူများ၊ ရင်းနှီးမြှုပ်နှံသူများ၏ လက်ဝယ်အရောက် အသိပညာဖြန့်ဝေပေးရေး လုပ်ငန်းများကို ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်စေရေး အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ၊ မြန်မာ့ မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ အော်တိုမိုတစ်အသင်းမှ ဥက္ကဋ္ဌအပါအဝင် EV ပုဂ္ဂလိက အဖွဲ့အစည်း ၇၀ တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကာ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ ယင်းနောက် ဒုတိယဝန်ကြီးနှင့် အစည်းအဝေး တက်ရောက်သူများသည် EV အလုပ်ရုံအတွင်း ကျောင်းသား ကျောင်းသူများ လက်တွေ့လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ EV သင်တန်းဆိုင်ရာ အဆင့်မြင့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် Mechanical Workshop အတွင်း ကျောင်းသားများ၏ သုတေသနပရောဂျက် ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး ရဲမိုးနှင့် ဦးမြင့်စိုး ပျဉ်းမနားမြို့နယ်အတွင်းရှိ ရေဘေးရှောင်စခန်းများအားထောက်ပံ့ပေးနေမှု အခြေအနေများကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများပေးအပ်



**ပျဉ်းမနား စက်တင်ဘာ ၁၉**

နေပြည်တော် ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးမြင့်စိုးတို့သည် ယနေ့ မွန်းလွဲပိုင်းက ပျဉ်းမနားမြို့ ဆင်သေကျေးရွာဓမ္မာရုံ၌ ရေဘေးရှောင်ပြည်သူများအတွက် အလှူရှင်များက ဆန်နှင့်စားသောက်ဖွယ်ရာများ၊ မုန့်များနှင့် ဆီများ ထောက်ပံ့ပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး လှူဒါန်းသော အစားအသောက်များအား ကျန်းမာရေးနှင့် ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန်အတွက် အထူးအလေးထား ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် နေပြည်တော် ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးမြင့်စိုးတို့သည် ပျဉ်းမနားမြို့ ညောင်ပင်သာ အခြေခံပညာ အထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် သန့်ရှင်းရေးဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးမြင့်စိုးတို့သည် လဲလူးအိုင်ကျေးရွာ နိမသောင်ဓမ္မာရုံရှိ ရေဘေးရှောင်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကား ပြောကြားပြီး နေပြည်တော်ကောင်စီမှ လှူဒါန်းသည့် ဆန်၊ ဆီနှင့် ခေါက်ဆွဲခြောက်ထုပ်များ၊ နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ရေဘေးရှောင် အိမ်ထောင်စု ၁၆ စု၊ လူဦးရေ ၅၅ ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၁၁၅၅၀၀ တို့အား ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မျိုးသီဟ**
**(ပြန်/ဆက်)**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ရေဘေးဒဏ်ခံပြည်သူများအတွက် အနယ်နယ်အရပ်ရပ်မှ လာရောက်ကူညီထောက်ပံ့လှူဒါန်းပေးကြသူများ၏ ရင်တွင်းစကားသံများ

**ရာဂီတိုင်ဖွန်းမုန်တိုင်း၏ သက်ရောက်မှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားကာ ပြည်သူများသည် သဘာဝဘေးဒဏ်ကို ထိခိုက်ခံစားခဲ့ကြရသည်။ ထိုသို့ သဘာဝဘေးဒဏ်ခံပြည်သူများအတွက် နိုင်ငံတော်အစိုးရမှ ထိခိုက်ဒဏ်ရာခံစားခဲ့ရမှုအခြေအနေနှင့် အိုးအိမ်များပျက်စီးဆုံးရှုံးမှုအခြေအနေများအပေါ်မူတည်ကာ လိုအပ်သည့်ထောက်ပံ့ကူညီမှုများကို ဆောင်ရွက်ပေးသွားရန် စီစဉ်လျက်ရှိသည်။**



နန်းဦးဆရာတော် ဘဒ္ဒန္တပုညဝန္တ



ဒေါ်ကောမလသိင်္ဂီ

နိုင်ငံတော်အစိုးရနှင့်အတူ မြန်မာနိုင်ငံအရပ်ရပ်မှ ပြည်သူများက သဘာဝဘေးဒဏ်ခံပြည်သူများအတွက် ကူညီထောက်ပံ့မှုများကို အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ရေဘေးဒဏ်ခံပြည်သူများအတွက် မြန်မာနိုင်ငံအရပ်ရပ်မှ ပြည်သူများက လာရောက်လှူဒါန်းလျက်ရှိရာ ကူညီထောက်ပံ့လှူဒါန်းပေးကြသူများ၏ စကားသံများကို ဖော်ပြအပ်ပါသည်။

**နန်းဦးဆရာတော် ဘဒ္ဒန္တပုညဝန္တ**
**ဒလမြို့**

ဘုန်းဘုန်းတို့က အေလာလေယာဉ်ကွင်းအနီးက ရွာသစ်ကလေး ကျေးရွာကို သွားရောက်လှူဒါန်းမှာ ဖြစ်ပါတယ်။ မိသားစု တစ်အိမ်ထောင်စာအတွက် လိုအပ်တဲ့ပစ္စည်းတွေ စုပေါင်းထုပ်ပိုးထားပါတယ်။ အိမ်ထောင်စု ၂၅၀ စာနဲ့ ငွေကျပ်တစ်သိန်းစီ လှူဒါန်းသွားမှာ ဖြစ်ပါတယ်။ ကူမဲမြို့မှာလည်း ဝမ်းရောဂါဖြစ်ပွားတဲ့အတွက်ငွေကျပ် ၁၀ သိန်း လှူဒါန်းထားပါတယ်။ ရွာသစ်ကလေးကျေးရွာအတွက် လှူဒါန်းငွေ စုစုပေါင်း သိန်း ၃၀၀ ကျော် လှူဒါန်းသွားမှာ ဖြစ်ပါတယ်။ ပြည်သူတွေ ဝတ်စရာ၊ စားစရာ လိုအပ်နေတဲ့အတွက် ပါဝင်ဖြည့်ဆည်းတာဖြစ်ပါတယ်။ ရဟန်း၊ သံဃာတွေ လိုအပ်တဲ့အခါ ဒါယကာ၊ ဒါယိကာမတွေက ကြည့်ရှုထောက်ပံ့လှူဒါန်းကြပါတယ်။ အခုလို ရေကြီးရေလျှံဖြစ်တော့ ဘုန်းဘုန်းတို့က ဒါယကာ၊ ဒါယိကာမတွေကို ပြန်ပြီး ကြည့်ရှုထောက်ပံ့လှူဒါန်းတာပဲဖြစ်ပါတယ်။

**ဒေါ်ကောမလသိင်္ဂီ**
**ဇယရံသီ သီလရှင်စာသင်တိုက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်**

ဆရာလေးက ဇယရံသီ သီလရှင်စာသင်တိုက်ကနေ လာရောက်လှူဒါန်းတာ ဖြစ်ပါတယ်။ ခုနစ်ရက်သားသမီးတွေ လှူဒါန်းထားတဲ့ ဝတ္ထုငွေ၊ အဝတ်အထည်နဲ့ မီးဖိုချောင်သုံးပစ္စည်းတွေကို အလှူရှင်တွေဝမ်းမြောက်အောင် ကိုယ်တိုင်လာရောက် လှူဒါန်းခြင်းဖြစ်ပါတယ်။ အလှူရှင်တွေ သွားရောက်လှူဒါန်းမှုနည်းပါးတဲ့နေရာဒေသတွေကို သွားရောက်ပြီး လှူဒါန်းမှာဖြစ်ပါတယ်။ ဒီလိုရေကြီးရေလျှံမှုမျိုး တစ်ခါမှမကြုံဖူးတဲ့အတွက် ကိုယ်ချင်းစာတဲ့စိတ်နဲ့ လှူဒါန်းတာဖြစ်ပါတယ်။ ရေဘေးသင့် ဒါယကာ၊ ဒါယိကာမတွေအတွက် ဒီလိုရေကြီး ရေလျှံမှုမျိုး နောင်မှာထပ်မဖြစ်ပါစေနဲ့လို့ ဆုတောင်းပေးပါတယ်။ ခုနစ်ရက်သား သမီးတွေလည်း အန္တရာယ်ကင်းဝေးအောင် အမြဲဆုတောင်းပေးပါတယ်။ အခုလို လှူဒါန်းရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ တခြားသူတွေလို သိန်းပေါင်းထောင်ချီမလှူဒါန်းနိုင်ပေမယ့် ကိုယ်ရဲ့ ဒါယကာ၊ ဒါယိကာမတွေရဲ့ ဝိုင်းဝန်းပံ့ ပိုးစုပေါင်းလှူဒါန်းမှုတွေကြောင့် အားတက်သရော ကိုယ်တိုင်လာရောက်ပါဝင်လှူဒါန်းခြင်းဖြစ်ပါတယ်။

**ဦးထင်ကျော်**
**ဝေါမြို့၊ ပဲခူးတိုင်းဒေသကြီး**

ကျွန်တော်တို့က တပ်ကုန်းနဲ့ ရမည်းသင်းမြို့တွေကို သွားရောက်လှူဒါန်းမှာဖြစ်ပါတယ်။ သွားရောက်လှူဒါန်းမယ့်ပစ္စည်းတွေကတော့ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ အဝတ်အစားတွေဖြစ်ပါတယ်။ အရင်က တခြားနေရာတွေမှာ ရေကြီးရေလျှံဖြစ်ရင်လည်း တတ်အားသမျှ အမြဲကူညီဖြစ်ပါတယ်။ အခုလည်း ကျွန်တော်တို့က ဂုံမင်းကန်ကျေးရွာ၊ မြစ်ကျိုးကျေးရွာနဲ့ ဝေါမြို့တွေမှာရှိတဲ့ ဗလီသုံးခုနဲ့ ဘာသာပေါင်းစုံစုပေါင်းပြီး လာရောက်လှူဒါန်းခြင်း ဖြစ်ပါတယ်။ မုဒုံမောင်မောင်က ဆန်ခြောက်ပြည်အိတ် ၁၅၀၊ လမ်းခရီးအတွက် အောင်စိုးမိုး ဓာတ်ဆီဆိုင်က ဓာတ်ဆီနဲ့ ပဲခူးကိုဖိုးကျော်က ဆန် ၂၄ ပြည်အိတ် ၁၀ အိတ်လှူဒါန်းပါတယ်။ အခြားခုနစ်ရက်သားသမီး လှူဒါန်းပစ္စည်း၊ ငွေသားတွေလည်း ပါပါတယ်။ နောက်ထပ်လည်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားတဲ့ ဘယ်အရပ်ဒေသမဆို သွားရောက်လှူဒါန်းသွားမှာဖြစ်ပါတယ်။ သဘာဝဘေးကြုံရတယ်ဆိုတော့ အားလုံးစိတ်မကောင်းဖြစ်ကြရပါတယ်။ ဒီတစ်ခါ ရေကြီးရေလျှံမှုက အများကြီး ဒုက္ခရောက်ခံစားကြရတဲ့အတွက် ပိုပြီး စိတ်မကောင်းဖြစ်မိပါတယ်။



ဦးထင်ကျော်



ဦးကျော်စွာဦး



မမေဇင်

**ဦးကျော်စွာဦး**
**ဥက္ကဋ္ဌ၊ ရွှေတောင်လူမှုကယ်ဆယ်ရေး မောင်နှံအသင်း၊ မွန်ပြည်နယ်**

ကျွန်တော်တို့အသင်းက နေပြည်တော်၊ တပ်ကုန်း၊ ရမည်းသင်း သုံးနေရာကို သွားရောက်လှူဒါန်းမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဆီကို ကယ်ဆယ်ရေးစခန်းတွေက အကူအညီတောင်းထားတာတွေလည်း ရှိပါတယ်။ အမှန်တကယ်လိုအပ်နေတဲ့နေရာတွေကို လှူသွားမယ်။ လှူတဲ့အခါ စီမံခန့်ခွဲတဲ့အဖွဲ့တွေဆီ ပေးအပ်လှူဒါန်းသွားမှာရှိသလို လက်ဝယ်အရောက်လည်း လှူဒါန်းသွားဖို့ရှိပါတယ်။ ခုနစ်ရက်သားသမီး စုပေါင်းလှူဒါန်းပစ္စည်းတွေကတော့ ကုန်ခြောက်ပစ္စည်း၊ ဆန်၊ ဆီ၊ အသင့်စားခေါက်ဆွဲခြောက်၊ မုန့်၊ ငါးသေတ္တာ၊ ငါးပိထောင်း၊ ငါးခြောက်ကြော်၊ လက်ဖက်၊ အမျိုးသား၊ အမျိုးသမီး၊ ကလေးအဝတ်အထည်၊ အမျိုးသမီး အသုံးအဆောင်ပစ္စည်း၊ ဆေးပစ္စည်းတွေဖြစ်ပါတယ်။ သဘာဝဘေးကြုံတဲ့အခါ ပြည်သူကနေ ပြည်သူကို ကူညီထောက်ပံ့တာမျိုးဖြစ်ပါတယ်။ လှူဒါန်းပစ္စည်းတွေ ထပ်မံရရှိတဲ့အခါမှာလည်း လာရောက်လှူဒါန်းသွားဦးမှာဖြစ်ပါတယ်။ အမှန်တကယ် လိုအပ်နေတဲ့ ပြည်သူတွေကို လှူဒါန်းရတဲ့အတွက် အလှူရှင်တွေလည်း ကုသိုလ်ရသလို ကျွန်တော်တို့ကလည်း ဝမ်းသာပီတိဖြစ်ရပါတယ်။ အများပြည်သူတွေရဲ့ အခက်အခဲအဆင်ပြေသွားတယ်ဆိုရင် ကျွန်တော်တို့လည်း ပင်ပန်းရကျိုးနပ်ပါတယ်။

**မမေဇင်**
**တုသိတာလူမှုကူညီရေးအသင်း၊**
**ပြင်ဦးလွင်မြို့**

ကျွန်မတို့အသင်းက ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၁၇)ကဖြစ်ပါတယ်။ ရေကြီးရေလျှံမှုခံစားရတဲ့ တောင်ငူ၊ အုတ်တွင်း၊ ထန်းတပင်ဘက်က လိုအပ်နေတဲ့ သူတွေဆီကို သွားရောက်လှူဒါန်းပြီး ပြန်လာတာဖြစ်ပါတယ်။ လှူဒါန်းပစ္စည်းကတော့ အဝတ်အထည်၊ ဆေးဝါး၊ စားသောက်ကုန်နဲ့အလှူငွေတွေ သွားရောက်လှူဒါန်းတာဖြစ်ပါတယ်။ ရေဘေးသင့်ပြည်သူတွေကို လှူဒါန်းချင်တဲ့ ပြည်သူတွေရဲ့ ကိုယ်စားလှူဒါန်းပေးတာဖြစ်ပါတယ်။ ရေကြီးရေလျှံမှုကြောင့် ဆုံးရှုံးမှုတွေကို မြင်တွေ့ရတာ ထိခိုက်ခံစားပြီး မျက်ရည်ကျရတယ်။ စိတ်မကောင်းဖြစ်ရပါတယ်။ အမြန်ဆုံး အဆင်ပြေပြေဖြစ်စေဖို့ ဆုတောင်းပေးနေမိပါတယ်။ ဒီလိုကိုယ်တိုင်သွားရောက်လှူဒါန်းတဲ့အခါ ကယ်ဆယ်ရေးအတွက် လှေတွေ လိုအပ်နေတာကို တွေ့ခဲ့ရပါတယ်။ ပစ္စည်းတွေ၊ စားသောက်စရာတွေလှူဒါန်းကြပေမယ့် လှေက မလုံလောက်တဲ့အတွက် လှေကို စောင့်နေရင်း မိုးရွာတဲ့အခါမှာ ထမင်းထုပ်တွေ၊ ပစ္စည်းတွေ ပျက်စီးတာရှိပါတယ်။ အခုအချိန်က စားသောက်ဖို့နဲ့ အဝတ်အထည်တွေ လိုအပ်နေပေမယ့် ပြန်လည်ထူထောင်ရေးအတွက်လည်း လိုအပ်မှုတွေ ရှိနေပါသေးတယ်။ အခုလို သွားရောက်လှူဒါန်းတဲ့အခါ တစ်ခုတွေ့မြင်ခဲ့တာက အသင်းအဖွဲ့တွေအတွက် လိုအပ်ချက်ဖြစ်ပါတယ်။ အသင်းအဖွဲ့တွေဆီ ပြည်သူတွေက စုပေါင်းပြီး တစ်ဆင့်လှူဒါန်းတာရှိပါတယ်။ ပြည်သူတွေဆီ လှူဒါန်းတာဖြစ်တဲ့အတွက် လှူဒါန်းတဲ့ပစ္စည်း၊ ငွေကြေးက ပြည်သူတွေဆီပဲ ပေးအပ်လှူဒါန်းကြရပါတယ်။ သွားရောက်လှူဒါန်းပေးတဲ့ အသင်းအဖွဲ့အစည်းတွေ၊ ကူညီကယ်ဆယ်ရေး အဖွဲ့တွေအတွက် အစားအစာနဲ့ သွားလာစရိတ် အခက်အခဲဖြစ်နေတာ တွေ့ရပါတယ်။ အဲဒါကြောင့် လှူဒါန်းတဲ့အခါ အသင်းအဖွဲ့အစည်းတွေအတွက် ခရီးသွားစရိတ်နဲ့ အစားအစာအတွက်ပါ လှူဒါန်းပေးကြဖို့ အကြံပြုလိုပါတယ်။

လှူဒါန်းမှုနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက အစာအဆိပ်သင့်မှု မဖြစ်စေရေး၊ သန့်ရှင်းလတ်ဆတ်သော အစားအစာများ ဖြစ်စေရေး၊ လိုအပ်သည့်ပြည်သူများထံသို့ လက်ဝယ်ရောက်ရှိစေရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ရေဘေးသင့်ပြည်သူများအတွက် ကူညီထောက်ပံ့ရေးပစ္စည်းများ သယ်ဆောင်လာသည့် ယာဉ်များကို တွေ့ရစဉ်။

မျိုးဆက်သစ်
ဓာတ်ပုံ - ဖိုးပြည့်စုံ

# တိုင်ဖွန်း ဆိုးလစ်ခ် ဗီယက်နမ်သို့ ဝင်ရောက်ပြီး အားပျော့ပျက်ပြယ်သွားမည်



**ဟန္နိုင်း စက်တင်ဘာ ၁၉**
တောင်တရုတ်ပင်လယ်ပြင်၌ ဖြစ်ပေါ်ခဲ့သော အပူပိုင်းလေဖိအားနည်း ရပ်ဝန်းတစ်ခုသည် စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ယခုနှစ်၏ ၁၅ ခုမြောက် တိုင်ဖွန်း မုန်တိုင်းအဖြစ်သို့ ပြောင်းလဲလာခဲ့သည်။ အဆိုပါ ၁၅ ခုမြောက် တိုင်ဖွန်းမုန်တိုင်းကို ဆိုးလစ်ခ်ဟု အမည်ပေးခဲ့သည်။

ဆိုးလစ်ခ်သည် စက်တင်ဘာ ၁၉ ရက်တွင် ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ကမ်းရိုးတန်းသို့ ဝင်ရောက်ခဲ့သည်။

စက်တင်ဘာ ၁၉ ရက်ညတွင် ဗီယက်နမ်အရှေ့ဘက်ကမ်းရိုးတန်းတစ်လျှောက် ကုန်းတွင်းသို့ ဝင်ရောက်မည်ဟု ခန့်မှန်းရပြီး နောက်ပိုင်းတွင် တဖြည်းဖြည်း အားပျော့ပျက်ပြယ်သွားမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် တိုင်ဖွန်းမုန်တိုင်း ရာဂီ၏ ရိုက်ခတ်မှုမှ ရုန်းထရန်ကြိုးစားနေချိန်တွင် အပူပိုင်းမုန်တိုင်း ဆိုးလစ်ခ်ကို ထပ်မံရင်ဆိုင်နေရသည်။ ရာဂီသည် ယခုလအစောပိုင်းတွင် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းကို ဝင်ရောက်ဖျက်ဆီးခဲ့သည်။

အပူပိုင်းမုန်တိုင်း ဆိုးလစ်ခ်သည် လေတိုက်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၉၀ နှုန်းဖြင့် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားနေကြောင်း မိုးလေဝသအာဏာပိုင်များက ပြောသည်။

မုန်တိုင်းမဝင်ရောက်မီ ငါးဖမ်းသမားများသည် ကမ်းနီးကမ်းဝေးရှိ ၎င်းတို့၏လှေများကို ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့သည်။ ထို့အတူ ပြည်တွင်း လေဆိပ်များ၌လည်း ဝန်ဆောင်မှုအချို့ကို ဆိုင်းငံ့လိုက်သည်။ တချို့ကျောင်းများကိုလည်း ယာယီပိတ်လိုက်သည်။

မုန်တိုင်းအရှိန်ကြောင့် ထိုင်းနိုင်ငံမြောက်ပိုင်း၊ အရှေ့မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းနှင့် မြို့တော်ဘန်ကောက်အပါအဝင် အလယ်ပိုင်းဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

ဒေသအများအပြားရှိ ပြည်သူများကို လျှပ်တစ်ပြက် ရေကြီးရေလျှံဖြစ်ခြင်း၊ မြေပြိုခြင်းများကို သတိပေးထားသည်။

စက်တင်ဘာအစောပိုင်းတွင် တိုင်ဖွန်းမုန်တိုင်း ရာဂီကြောင့် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းတွင် ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းများဖြစ်ပွားခဲ့ပြီး လူပေါင်း ၂၉၀ ကျော်သေဆုံးခဲ့ကာ ဒါဇင်နှင့်ချီ ပျောက်ဆုံးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# လက်ဘနွန်ပေါက်ကွဲမှုတွင် အရပ်သားများ သုံးစွဲသည့်ပစ္စည်းကို အသုံးပြုမှုအတွက် ကုလအကြီးအကဲ ရှုတ်ချ

**ဂျီနီဗာ စက်တင်ဘာ ၁၉**
လက်ဘနွန်နိုင်ငံ၌ စက်တင်ဘာ ၁၈ ရက်က နောက်တစ်ကြိမ် တိုက်ခိုက်မှုလှိုင်းအဖြစ် လက်ကိုင်ဆက်သွယ်ရေး ကိရိယာများ ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။ စက်တင်ဘာ ၁၇ ရက် ပေဂျာစက်များ ပေါက်ကွဲမှုအပြီးအတွင်း ယခုကဲ့သို့ဖြစ်ရပ် ထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်သည်။



ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရပ်စ်။

တိုက်ခိုက်မှုများတွင် ယင်းကဲ့သို့ အရပ်သားများ သုံးစွဲသည့် ပစ္စည်းကို အသုံးပြုမှုအတွက် စိုးရိမ်ကြောင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရပ်စ်က ပြောသည်။ စက်တင်ဘာ ၁၈ ရက်က ဘေရွတ်မြို့အနီးတစ်ဝိုက်နှင့် အခြားသောဒေသများရှိ လက်ကိုင်ဆက်သွယ်ရေး ကိရိယာများ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၂၀ သေဆုံးပြီး ၄၅၀ ကျော် ဒဏ်ရာရရှိခဲ့သည်ဟု လက်ဘနွန် ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

စက်တင်ဘာ ၁၇ ရက်က လက်ကိုင်ပေဂျာစက်များ ပေါက်ကွဲမှုတွင် ၁၂ ဦး သေဆုံးပြီး ၂၇၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာအုပ်စုက အစ္စရေးကို အပြစ်တင်ခဲ့ပြီး လက်တုံ့ပြန်မှု ပြန်လည်ပြုလုပ်သွားမည်ဟု အရိပ်အမြွက် ပြောကြားခဲ့သည်။

အဆိုပါဖြစ်ရပ်များနှင့် ပတ်သက်၍ အစ္စရေးအစိုးရက မည်သည့်မှတ်ချက်မျှ ပြောဆိုခဲ့ခြင်းမရှိချေ။ ဗုဒ္ဓဟူးနေ့က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ဂူတာရပ်စ်က အရပ်ဘက်သုံးပစ္စည်းများကို လက်နက်အဖြစ် အသုံးမချရန် အရေးကြီးကြောင်း ပြောသည်။ ကမ္ဘာ့နေရာတိုင်းရှိ အစိုးရများတွင် အကောင်အထည်ဖော်ရမည့် စည်းမျဉ်းစည်းကမ်း ဖြစ်သင့်ကြောင်း ၎င်းကဆက်ပြောသည်။

လက်ဘနွန် ပေါက်ကွဲမှုနှင့်ပတ်သက်၍ တရားဝင်ထုတ်ပြန်ချက်များ အစ္စရေးဘက်မှ မပြုလုပ်သော်လည်း တိုက်ပွဲအတွင်း နောက်ထပ်တစ်ဆင့်သို့ တက်လှမ်းနေပြီဟု အစ္စရေးကာကွယ်ရေးဝန်ကြီးက ပြောသည်။ မြောက်ပိုင်း နယ်စပ်တစ်လျှောက် တပ်ဖွဲ့ဝင်များ အားဖြည့်ရန် ရည်ရွယ်ချက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# သီရိလင်္ကာနိုင်ငံ၌ လာမည့်သမ္မတရွေးကောက်ပွဲပြင်ဆင်ရန်အတွက် စာသင်ကျောင်းများအားလုံးပိတ်မည်

**ကိုလံဘို စက်တင်ဘာ ၁၉**
သီရိလင်္ကာနိုင်ငံ၌ ရွေးကောက်ပွဲကော်မရှင်၏ တောင်းဆိုမှုအရ သမ္မတရွေးကောက်ပွဲ မကျင်းပမီ တစ်ရက်အလို စက်တင်ဘာ ၂၀ ရက်တွင် စာသင်ကျောင်းများ အားလုံးပိတ်ထားမည်ဟု သီရိလင်္ကာ ပညာရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၉ ရက်တွင် ကြေညာခဲ့သည်။

စက်တင်ဘာ ၂၃ ရက်တွင် စာသင်ကျောင်းများ ပြန်ဖွင့်မည်ဟု ပညာရေးဝန်ကြီးဌာနက ပြောသည်။ စာသင်ကျောင်းများကို မဲပေးစင်တာများအဖြစ် အသုံးပြုမည်ဖြစ်သည်။ စက်တင်ဘာ ၁၉ ရက် စာသင်ချိန်ပြီးနောက် စာသင်ကျောင်းများကို ဒေသခံအစိုးရအရာရှိများထံ လွှဲပြောင်းပေးမည်ဖြစ်သည်။

ရွေးကောက်ပွဲ အရာရှိများ အသုံးပြုနိုင်ရန် လိုအပ်သည့် စာသင်ခုံများ၊ ထိုင်ခုံများနှင့် ခန်းမသုံးပစ္စည်းများကို ထောက်ပံ့ပေးသွားရန်လည်း ပညာရေးညွှန်ကြားရေးမှူးများနှင့် ကျောင်းအုပ်ကြီးများထံ ညွှန်ကြားထားပြီးဖြစ်သည်။

၂၀၂၄ ခုနှစ်သမ္မတရွေးကောက်ပွဲကို စက်တင်ဘာ ၂၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး နိုင်ငံတစ်လွှားရှိ မဲဆန္ဒရှင်ပေါင်း ၁၇ သန်းကျော်က သီရိလင်္ကာနိုင်ငံ၏ လာမည့်သမ္မတသစ်ကို မဲပေးရွေးချယ်မည်ဖြစ်သည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံသို့ ဩဂုတ်လအတွင်း နိုင်ငံခြားခရီးသွား ၂ ဒသမ ၉၃သန်း လာရောက်ခဲ့

**တိုကျို စက်တင်ဘာ ၁၉**
ဂျပန်နိုင်ငံသို့ ဩဂုတ်လအတွင်း နိုင်ငံခြားခရီးသွား ၂၉၃၃၀၀၀ လာရောက်ခဲ့ပြီး ယမန်နှစ်နှင့်နှိုင်းယှဉ်လျှင် ၃၆ ဒသမ ၀ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်ဟု ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်သည့်အစိုးရ အချက်အလက်များအရ သိရသည်။

သို့သော်လည်း အဆိုပါပမာဏမှာ ခြောက်လအတွင်း ပထမဆုံးအကြိမ်အဖြစ် သုံးသန်းအောက်ကျဆင်းသွားခြင်းဖြစ်ကာ တိုင်ဖွန်းမုန်တိုင်းကြောင့် လေကြောင်းခရီးစဉ်များ ဖျက်သိမ်းရခြင်းကြောင့်လည်း တစ်စိတ်တစ်ပိုင်းပါဝင်သည်။

ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ပြည်ပမှ လာရောက်လည်ပတ်သူဦးရေသည် ၂၄ သန်းကျော်ရှိပြီး ယမန်နှစ် အလားတူကာလကထက် ၅၈ ဒသမ ၀ ရာခိုင်နှုန်းတိုးလာကြောင်းအဆိုပါ အဖွဲ့အစည်းမှ သိရသည်။

**ဆင်ဟွာ**

# ဆယ်ကျော်သက်အသုံးပြုသူများကို ကာကွယ်ရန် ကိုယ်ရေးထိန်းချုပ်မှုစနစ် မက်တာစတင်

**ဝါရှင်တန် စက်တင်ဘာ ၁၉**
အမေရိကန်နည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်သော မက်တာပလက်ဖောင်းသည် အင်စတာဂရမ်တွင် ဆယ်ကျော်သက်အသုံးပြုသူများကို ကာကွယ်ရန် ပိုမိုကောင်းမွန်သော ကိုယ်ရေးထိန်းချုပ်မှုများကို ထုတ်ဖော်ပြသခဲ့သည်။ ကုမ္ပဏီသည် ဆယ်ကျော်သက် အကောင့်အသစ်များကို အင်္ဂါနေ့က ကြေညာခဲ့သည်။

အသက် ၁၈ နှစ်အောက် ဆယ်ကျော်သက်အကောင့်များတွင် အဆိုပါစနစ်ကို အလိုအလျောက်ထည့်သွင်းပေးသွားမည်ဖြစ်သည်။

ဆယ်ကျော်သက်အကောင့်ပိုင်ရှင်များသည် ၎င်းတို့ဖော်လိုးလုပ်ထားသည့် သို့မဟုတ် ယခင်ကတည်းက ချိတ်ဆက်မှုရှိသူများထံမှ မက်ဆေ့ချ်များကိုသာ လက်ခံနိုင်မည်ဖြစ်သည်။ ထို့အပြင် အနိုင်ကျင့်စော်ကားခြင်း ရိုင်းစိုင်းသည့်စကားလုံးများ အသုံးပြုခြင်းများကိုလည်း စစ်ထုတ်ပေးသွားမည်ဖြစ်သည်။

အသက် ၁၆ နှစ်အောက်အသုံးပြုသူများသည် မိဘများထံမှ ခွင့်ပြုချက်မရရှိဘဲ ယခုလို ကန့်သတ်ချက်များကို ဖယ်ထုတ်နိုင်မည်မဟုတ်ပေ။ အသက် ၁၈ နှစ်အောက် အကောင့်ဖန်တီးသူများတွင် ယခုစနစ်ကို အင်္ဂါနေ့မှစပြီး အလိုအလျောက်ထည့်သွင်းသွားမည်ဖြစ်ကြောင်း မက်တာက ပြောသည်။

အမေရိကန်၊ ကနေဒါ၊ အင်္ဂလန်နိုင်ငံတွင်နေထိုင်သည့် အကောင့်ရှိ ဆယ်ကျော်သက်များကို ရက်ပေါင်း ၆၀ အတွင်း တဖြည်းဖြည်း ကန့်သတ်ထိန်းချုပ်သွားမည်ဖြစ်ပြီး တခြားနေရာများတွင် ဇန်နဝါရီမှ စတင်ထိန်းချုပ်သွားမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရှမ်းပြည်နယ် ကလောမြို့ရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး

**နေပြည်တော် စက်တင်ဘာ ၁၉**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ ရှမ်းပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ကလောမြို့၌ စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အတွင်း မိုးရေချိန် ၁၂ လက်မခန့်ရွာသွန်းကာ ကလောချောင်းရေ မြင့်တက်မှုကြောင့် ရေဘေးသင့်နေရာများသို့ သွားရောက်ကြည့်ရှုကာ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကလောမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ရေဝင်ရောက်မှုကြောင့် ထိခိုက်ဆုံးရှုံးမှုအခြေအနေများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများက ကျောင်းအတွင်း အပျက်အစီးများ ရှင်းလင်းဖယ်ရှား၍ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ယာယီရေဘေးရှောင်စခန်းဖွင့်လှစ်ထားသည့် ကလောမြို့ရှိ မြို့မပရိယတ္တိစာသင်တိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ သင်္ကန်းပရိက္ခရာ၊ စားသောက်ဖွယ်ရာနှင့် ဝတ္ထုငွေများ ဆပ်ကပ်လှူဒါန်းကာ ရေဘေးသင့်သူများအား စောင့်ရှောက်ထားရှိမှု အခြေအနေကို မေးမြန်းလျှောက်ထားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ရေဘေးသင့်ပြည်သူများ ယာယီရေဘေးရှောင်စခန်းတွင် စားသောက်နေထိုင်မှုအခြေအနေ၊ သောက်သုံးရေ ရရှိစေရန် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ အပျက်အစီးနှင့် ရွံ့ညွန်များရှင်းလင်းဖယ်ရှားပြီး မိမိနေအိမ်များသို့ အမြန်ဆုံးပြန်လည်နေထိုင်နိုင်ရန် ဆောင်ရွက်ရမည့်အခြေအနေများနှင့် ကျောင်းနေအရွယ်ကလေးများ အမြန်ဆုံးကျောင်းပြန်တက်ရောက်နိုင်ရေး မိဘပြည်သူများကပါ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ခရီးစဉ်တွင် ကလောမြို့နယ်၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်း ၁၂ ခုမှ အိမ်ထောင်စု ၁၄၅ စု၊ ရေဘေးသင့်သူ၅၃၂ ဦးအတွက် ဆန်ရိက္ခာဖိုးနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ စားနပ်ရိက္ခာများအား ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကလောချောင်း ရေစီးရေလာအားနည်းမှုကြောင့် ရေကြီးရေလျှံခြင်းနှင့် ပျက်စီးဆုံးရှုံးခြင်းများဖြစ်ပေါ်နေမှုကို သွားရောက်ကြည့်ရှုရာ တာဝန်ရှိသူများက ကလောချောင်းအတွင်းသို့ ချောင်းဘေးဝဲယာတွင် နေထိုင်သူများက ရေနည်းချိန်၌ မြေဖို့ကျူးကျော်ခြင်းကြောင့် ချောင်းအလွန်ကျဉ်းမြောင်းသွားခဲ့မှု၊ ချောင်းအတွင်း စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းကြောင့် ချောင်းတိမ်ကောလာမှု၊ တံတားများအား ခွင့်ပြုချက်တောင်းခံခြင်းမရှိဘဲ စိတ်ကြိုက်ပုံစံဖြင့် ဆောက်လုပ်ထားမှုများကြောင့် တောင်ကျရေစီးချိန်၌ ရေစီးနှောင့်နှေးခဲ့မှု၊ နောင်နှစ်များတွင် အလားတူမဖြစ်စေရေး မူလချောင်းနယ်နိမိတ်အတိုင်းဖြစ်စေရေး ဆောင်ရွက်မည့် လျာထားအစီအစဉ်တို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ဘေးအန္တရာယ်လျော့ပါးရေးအတွက် ဆောင်ရွက်သင့်သည်တို့ကို အကြံပြုမှာကြားသည်။

ရေဘေးသင့်ပြည်သူများအား စေတနာရှင်၊ အလှူရှင်များက အလှူငွေနှင့် စားသောက်ဖွယ်ရာများ နေ့စဉ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး(ငြိမ်း)နှင့် ဇနီး ဒေါ်မြမြစန်း မိသားစုမှ ဥပါတသန္တိစေတီတော်မြတ်ကြီးရှေ့တပေါင်းကွင်းရှိ ရေဘေးသင့်ပြည်သူများအား နေ့လယ်စာထမင်းဘူး ၃၀၀ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ရေကြီးနစ်မြုပ်ခဲ့သည့်လယ်ယာမြေများ ပြန်လည်စိုက်ပျိုးနိုင်ရေး ကွင်းဆင်းကြည့်ရှုပြီး ရေဘေးသင့်ပြည်သူများအားထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၁၉**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် သဒ္ဓမ္မနဒီ (ရောဝတီ) သီလရှင်စာသင်တိုက်သို့ သွားရောက်၍ စားသောက်ဖွယ်ရာများလှူဒါန်းပြီး ကျောင်းတိုက်ရေဝင်ရောက်နေမှု အခြေအနေကို ကြည့်ရှုကာ လိုအပ်သည်များ မှာကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည်နေပြည်တော်ကောင်စီရုံး၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် ဧရိယာများရှိ သီးနှံများ ထိခိုက်ပျက်စီးမှုအပေါ် ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး သီးနှံများ အမြန်ဆုံးပြန်လည်စိုက်ပျိုးနိုင်ရေး၊ အနည်းငယ်ထိခိုက်ပျက်စီးသည့် လယ်ယာမြေများ ပန်းတိုင်အထွက်နှုန်း ကောင်းမွန်စေရေး အတွက် မြေဩဇာနှင့် သွင်းအားစုများ ထောက်ပံ့ပေးရေး၊ လယ်ယာမြေများ ပြန်လည်စိုက်ပျိုး ဆောင်ရွက်မည့် အစီအမံများ ရေးဆွဲပြီး ပူးပေါင်းဆောင်ရွက်ရေး၊ ဆည်မြောင်းများ၊ ရေသွင်းရေထုတ်လက်တံမြောင်းများ အမြန်ဆုံးပြုပြင်ရေး၊ လယ်ယာမြေနှင့် အခြားကဏ္ဍများ ပျက်စီးဆုံးရှုံးမှုစာရင်းများကို မှန်ကန်မှုရှိအောင် ပြုစုတင်ပြရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားကာလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည်နေပြည်တော်ကောင်စီရုံး၌ကျင်းပသည့် နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီလုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ထုတ်လုပ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ရောင်းဝယ်မှုလုပ်ငန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်း စသည့် MSME လုပ်ငန်းကဏ္ဍအလိုက် လုပ်ငန်းမှတ်ပုံတင် ဆောင်ရွက်လျက်ရှိမှု၊ လုပ်ငန်းမှတ်ပုံတင် ဆောင်ရွက်မှုမရှိသေးသည့် Informal MSME လုပ်ငန်းများအား တရားဝင်မှတ်ပုံတင်နိုင်ရေး နေပြည်တော် MSME Agency အဖွဲ့ဝင်များနှင့် အသင်းအဖွဲ့များမှ စည်းရုံးဆောင်ရွက်ရန်နှင့် အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်မှုအတွက် ထုတ်လုပ်ရန် လျှောက်ထားလာသည့် လုပ်ငန်းများ လုပ်ငန်းစတင်လည်ပတ်သည်မှစ၍ ဒေသတွင်း လုံလောက်အောင် ထုတ်လုပ်နိုင်သည့်အပြင် Export တင်ပို့နိုင်သည်အထိ ဝိုင်းဝန်းအားပေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် ကွမ်းခြံကျေးရွာ၊ ဇီးဖြူတန်းကျေးရွာ၊ ရေကာကျေးရွာ၊ ညောင်ပင်သာကျေးရွာ တို့သို့ သွားရောက်၍ ရေနစ်မြုပ်ခဲ့သည့် လယ်မြေများ အမြန်ဆုံးပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် ရေသွင်းရေထုတ်မြောင်းများ အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ စစ်တောင်းမြစ်အရှေ့ဘက်ကမ်း ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပျော်ဘွယ်၌ မိုးသည်းထန်စွာရွာသွန်းပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိ



**ပျော်ဘွယ် စက်တင်ဘာ ၁၉**

ပျော်ဘွယ်မြို့နယ်၌ စက်တင်ဘာလ ဒုတိယပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ သာသနိက အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အချို့ရုံးများသို့ ရေဝင်ရောက်ခြင်း၊ လမ်းမများပေါ်၌ သစ်ပင်များလဲပြိုခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

ထိုကဲ့သို့ မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ဦးဆောင်၍ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် မိုးသည်းထန်စွာရွာသွန်းနေသည့်အချိန်တွင်လည်း ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသလို ပြန်လည်ထူထောင်ရေး ကာလတွင်လည်း ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မောင်မွေး

# ပေါင်မြို့နယ်၌ လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းပြုလုပ်

**ပေါင် စက်တင်ဘာ ၁၉**

မွန်ပြည်နယ် ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ပေါင်မြို့နယ်(အထက) အလှပ်ကျောင်း၌ ပြုလုပ်သည်။

လူငယ်စကားဝိုင်းတွင် လူငယ်နှင့်စာပေ၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် နည်းပညာ၊ ပလတ်စတစ် ညစ်ညမ်းမှုကြောင့် ဇီဝမျိုးစုံမျိုးကွဲနှင့် အဏ္ဏဝါဂေဟစနစ်ထိခိုက်မှုဆိုင်ရာ အချက်အလက်များ ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး ကျောင်းသား ကျောင်းသူများက လူငယ်စကားဝိုင်းတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများအပေါ်အခြေခံကာ မိမိတို့သိရှိလိုသည့် မေးခွန်းများကို မေးမြန်းရာ ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက ပြန်လည်ဖြေကြားပေးခဲ့သည်။

မွန်မလေး(ပြန်/ဆက်)

❊ *ကျောဖုံးမှ*

ယာယီရပ်တန့်ထားရသော အစုန်ကုန်ရထား တွဲဆိုင်း (၄)ဆိုင်းနှင့် ညောင်ရမ်းဘူတာ၌ ရပ်တန့်ထားရသည့် အမှတ် ၂ အစုန် စာပို့ရထားတို့ကို ရန်ကုန်ဘက်သို့ ဆက်လက်စေလွှတ်ပေးနိုင်ပြီဖြစ်သည်။ ထို့အတူ ပျော်ဘွယ်ဘူတာ၊ ပျဉ်းမနားဘူတာနှင့် ရေနီဘူတာတို့၌ ရပ်တန့်ထားသော အဆန်ကုန်ရထား လေးစင်းတို့ကို သာစည်ဘူတာသို့ ရွှေ့ပြောင်းပို့ဆောင်ထားပြီဖြစ်သည်။

မြန်မာ့မီးရထား၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် သပြေတောင်းဘူတာသို့ရောက်ရှိပြီး သပြေတောင်းဘူတာနှင့် စမုံဘူတာအကြား ရထားလမ်းပိုင်းနှင့် တံတားများပျက်စီးမှု ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ သပြေတောင်းနှင့် စမုံဘူတာအကြား တံတားအမှတ်(၆၉၁)အား ပြန်လည်ပြုပြင်နိုင်ရေးအတွက်ဘေလီသံပေါင်များကို အမြန်ဆုံးပို့ဆောင်ရေး၊ တံတားနေရာသို့ရောက်ရှိပြီးဖြစ်သည့် မြေထိုးစက်ယန္တရားများကို ပျက်စီးသွားသည့် ရထားလမ်းမြေသားတာပေါင် မြေဖို့ပြုပြင်ရာတွင် ထိရောက်စွာအသုံးပြုရေး မှာကြားခြင်း၊ ကျောက်ရထားပေါ်မှ (၆x၉)လက်မ ကျောက်ကြီးများ ထည့်သွင်းဆောင်ရွက်နေမှုအခြေအနေ၊ တံတားအမှတ်(၆၉၅)၊ (၆၉၄)၊ (၆၉၃) တို့တွင် တံတားချဉ်းကပ်လမ်းများ ရေတိုက်စားသွားသဖြင့် သံလမ်းများခေတ္တဖြုတ်သိမ်းပြီး ရထားလမ်းတာပေါင်များ ပြန်လည်ဆောင်ရွက်မည့် အခြေအနေ၊ ရေတိုက်စားမျောပါသွားသည့် လမ်းခင်းကျောက်များ ပြန်လည်ဆယ်တင်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခြင်းတို့ကို ဆောင်ရွက်သည်။

ထို့အတူ ပျက်စီးနေသည့် ရထားလမ်းနှင့် တံတားပြုပြင်ဆောင်ရွက်ရေး လုပ်ငန်းနေရာများ၌ Steel Girder ထည့်သွင်းခြင်း၊ သံလမ်းဖြုတ်သိမ်းခြင်း၊ သဲအိတ်စီထပ်ခြင်း၊ (၆x၉)လက်မ ကျောက်ကြီးများ ထည့်သွင်းခြင်း၊ တာပေါင်မြေဖို့ခြင်း၊ သံလမ်းပြန်လည်ခင်းခြင်း၊ သစ်သားဖားထပ်ခွေခြင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို စစ်ဆေးကာ တံတားအမှတ်(၆၉၁) နေရာ၌ ဆက်လက်ဆောင်ရွက်မည့် တံတားဘေလီသံပေါင် ထည့်သွင်းခြင်းလုပ်ငန်း အခြေအနေများကို အသေးစိတ်မှာကြား၍ စမုံနှင့် သပြေတောင်းအဆန်လမ်းပိုင်းအား စက်တင်ဘာလ မကုန်မီ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။



ယင်းနောက် မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် သာစည်မှ ဘုရားငါးဆူအထိ သွားရောက်ခဲ့ပြီး ရေတိုက်စား၍ ပျက်စီးလျက်ရှိသော သာစည်နှင့်လှိုင်းတက်ကြား၊ လှိုင်းတက်နှင့် ဘုရားငါးဆူအကြားရှိ ရထားလမ်းတာပေါင်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြုပြင်ရန်လုပ်ငန်းများအား အမြန်ဆုံးစတင်ပြုပြင်ဆောင်ရွက်နိုင်ရန် မှာကြားသည်။

မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းနှင့်တံတားများ ပြင်ဆင်မွမ်းမံမှုကို လူအင်အား၊ ပစ္စည်းအင်အား၊ ထိရောက်သော ထောက်ပံ့ပို့ဆောင်ရေးအစီအစဉ်တို့ဖြင့် စနစ်တကျစီမံကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန် – မန္တလေး ရထားလမ်းပိုင်းအတွင်း ရန်ကုန်မှ မန္တလေးအထိ လူစီးရထားများ၊ ကုန်ရထားများ ဆောလျင်စွာ ပြန်လည်ပြေးဆွဲနိုင်ရေး လမ်းပိုင်းအား အမြန်ဆုံးပြုပြင် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ဝက်ဖြူကုန်းကျေးရွာတွင် အစာအဆိပ်သင့်မှုဖြစ်ပွား အထူးကုဆရာဝန်ကြီးများက အနီးကပ်ကြည့်ရှုကုသမှုပေးခဲ့သည့်အတွက် လူနာများ အခြေအနေသက်သာကောင်းမွန်လျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ဝက်ဖြူကုန်းကျေးရွာ ရွှေဖြူရတနာစာသင်တိုက်တွင် ယာယီရေဘေးရှောင်ရွာသူ၊ ရွာသားများ ယမန်နေ့က အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့ပြီး သတင်းရလျှင်ရချင်း ကျန်းမာရေးဝန်ကြီးဌာနမှကွင်းဆင်း၍ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဝါးတီးကျေးလက်ကျန်းမာရေး ဌာနအပိုင်၊ ဝက်ဖြူကုန်းကျေးရွာ ရွှေဖြူ ရတနာစာသင်တိုက်တွင် ယာယီရေဘေးရှောင် ရွာသူ၊ ရွာသားများ ယမန်နေ့ နံနက်ပိုင်းက အလှူရှင်များမှ လာရောက်လှူဒါန်းသော ကြာဆံကြော်၊ အချဉ်နှင့် ထမင်း၊ ကြက်ဥ မန်ကျည်းမှည့်ချက်များကို စားသုံးပြီး ည ၈ နာရီတွင် ဗိုက်နာခြင်း၊ အော့အန်ခြင်းနှင့် ဝမ်းလျှောခြင်း စသည့် အစာအဆိပ်သင့် ရောဂါလက္ခဏာများဖြစ်ပွား၍ တောင်ငူမြို့ရှိ ပြည်သူ့ဆေးရုံကြီးသို့ ပြင်ပလူနာအဖြစ် ၆၈ ဦး၊ အတွင်းလူနာအဖြစ် ၆၅ ဦး လာရောက်ကုသမှုခံယူခဲ့ရာ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက အနီးကပ်ကြည့်ရှုကုသမှုပေးခဲ့သည့်အတွက် လူနာများ အခြေအနေသည် သက်သာကောင်းမွန်လျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ် သတင်းရရှိသည်နှင့် ယမန်နေ့ ညနေပိုင်းတွင် ရောဂါဖြစ်ပွားရာ ဝက်ဖြူကုန်းကျေးရွာ ရွှေဖြူရတနာစာသင်တိုက်သို့ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး၊ အုတ်တွင်းမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ ပါဝင်သော ကွင်းဆင်းအဖွဲ့နှင့် ညောင်လေးပင်မြို့နယ် ဆရာဝန်ဦးဆောင်သော ဆေးအဖွဲ့တို့က ကွင်းဆင်း၍ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ဆေးရုံတက်လူနာများအနက် အတွင်းလူနာ ၄၁ ဦးသည် ရောဂါသက်သာကောင်းမွန်သဖြင့် ယနေ့ နံနက်ပိုင်းတွင် ဆေးရုံမှ ဆင်းခွင့်ပြုပြီးဖြစ်သည်။

အလှူရှင်များ အနေဖြင့် သဘာဝဘေးဒဏ် ခံစားရသော ပြည်သူများအား အစားအသောက်များ လှူဒါန်းရာတွင် ပူပူနွေးနွေး ပြင်ဆင်ထားသည့် သန့်ရှင်းသော အစားအသောက်များကို မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့် ပေးပို့လှူဒါန်းကြရန်၊ ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့် ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် ကျန်းမာရေးဝန်ကြီးဌာနမှ တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## ဘီးလင်းမြို့နယ်ရှိ ကြာဇီအောင်ကျေးရွာနှင့် ဇုက္ကလိကျေးရွာ၌ ရေပေးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ဘီးလင်း စက်တင်ဘာ ၁၉**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘီးလင်းမြို့နယ်အတွင်း ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၃၆ ဒသမ ၆ သန်းဖြင့် ဝင်းကကျေးရွာအုပ်စု ကြာဇီအောင်ကျေးရွာတွင် ဆိုလာရေတင်စနစ်ဂါလန် ၅၀၀၀ ဆံ့အုတ်ရေကန် (၂၂၀ ပေ x ၆ ပေ) ခြံစည်းရိုးခတ်ခြင်းလုပ်ငန်းနှင့် ဇုက္ကလိကျေးရွာအုပ်စု ဇုက္ကလိကျေးရွာ၌ ဆိုလာရေတင်စနစ် (၁၂၀ ပေ x ၆ ပေ) ခြံစည်းရိုးခတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများအား ဘီးလင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆိုလာရေတင်စနစ်လုပ်ငန်းဆောင်ရွက်မှုများ ယခုအခါ ရာခိုင်နှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးမှုကြောင့် ကျေးရွာများရှိ ပြည်သူများ လိုအပ်လျက်ရှိသော သန့်ရှင်းသော သောက်သုံးရေများကို အသုံးပြုနိုင်မည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

ဒေသများသို့ စတင်ဖြတ်ကျော်နိုင်ပါသည်။

အဆိုပါ လေပွေလှိုင်း၏အရှိန်ကြောင့် စက်တင်ဘာ ၂၀ ရက်မှ ၂၅ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်းများ၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှု အန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

ဖွဲ့စည်းထားပြီး နည်းပြချုပ်အဖြစ် ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်က ဆက်လက်ကိုင်တွယ်လျက်ရှိသည်။ မြန်မာအသင်းနည်းပြချုပ် ဘန်လက်ချာယိုဝန်သည် ယခုနှစ်အတွင်းကျင်းပခဲ့သည့် MFF ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ၊ MFF အပျော်တမ်းဖူဆယ်ပြိုင်ပွဲနှင့် တိုင်းဒေသကြီး/ပြည်နယ် ဖူဆယ်ပြိုင်ပွဲတို့မှ ခြေစွမ်းပြနိုင်သည့် ကစားသမားများ၊ အလားအလာရှိသည့်ကစားသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးကြည်မင်းသိန်း၊ အုပ်ချုပ်သူအဖြစ် ဦးရဲဝင်းထွန်း၊ နည်းပြချုပ်အဖြစ် ဘန်လက်ချာယိုဝန် (ထိုင်း)၊ လက်ထောက်နည်းပြများအဖြစ် ဦးဌေးမြင့်၊ ဦးကျော်စိုးမိုး၊ ကြံ့ခိုင်ရေးနည်းပြအဖြစ် တာဝမ် (ထိုင်း)၊ ဂိုးနည်းပြအဖြစ် ကစ်တီဖတ် (ထိုင်း)၊ လက်ထောက်ဂိုးနည်းပြများအဖြစ် ဦးထွန်းထွန်းလတ်၊ ဦးကျော်ထက်အောင်၊ ဦးအောင်ကျော်ရွှေ၊ ဂိုးသမားများအဖြစ်–မိုင်းစိုးမြတ်ထွေး၊ ရဲထက်နိုင်၊ မျိုးကိုကိုဦး၊ မြတ်သူ၊ ကစားသမားများအဖြစ် – မျိုးမြင့်စိုး၊ ဝေဇင်ဦး၊ ကိုကိုလွင်၊ တိုးတက်အောင်၊ လဖိုင်ဇော်လွန်း၊ အောင်ဌေးဦး၊ ငြိမ်းမင်းစိုး၊ ထွဋ်ဝေထွန်း၊ ထွန်းမင်းလှိုင်၊ ရွှေဝင်းမောင်၊ လင်းသူရ၊ မျိုးသက်အောင်၊ ကောင်းထက်နိုင်၊ မင်းခန့်သူ၊ စည်သူအောင်၊ ဝေရဦး၊ အောင်ခန့်ပိုင်၊ နိုင်လင်းထွန်းကျော်၊ မျိုးသက်ကျော်၊ သက်နောင်၊ ရဲရင့်ရွှေပေါ၊ ဇင်မင်းညီနှင့် အာကာတို့ ပါဝင်ကြသည်။

**ရဲရင့်လွင်**

# ရှေ့သို့လှမ်းချီ အောဂျီအမ်ဆီသို့ .....

လူဟန် (အိမ်ခြံမြေ)

မိမိတို့နိုင်ငံသည် ရှေးနှစ်ပေါင်းထောင်ချီကာ မြန်မာမင်းများ တည်ဆောက်အစပြုခဲ့သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံ ၁၀၀ ကျော် အေးအတူပူအမျှ ချစ်ကြည်ရင်းနှီးစွာ ရှေးပဝေသဏီကတည်းက အတူတကွ နေထိုင်ခဲ့ကြသော ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး ယုံကြည်စွာဖြင့် ကူးလူးဆက်ဆံခြင်း၊ ချစ်ကြည်ရင်းနှီးမှုနှင့် လူမျိုးစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ မထားရှိဘဲ ငြိမ်းချမ်းစွာ အတူတကွ နေထိုင်ခြင်း စသော ချစ်စရာကောင်းသည့် အမူအကျင့်များဖြင့် ပေါင်းစည်းကာ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ ဥမကွဲသိုက်မပျက် စုပေါင်းညီညာ တင့်တယ်စွာ နေထိုင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

ထိုသို့သော အခြေအနေတွင် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (MRESA) သည် ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၈ ရက်က စတင်သန္ဓေတည်ကာ ပြည်ထောင်စုတိုင်းရင်းသားများ စိတ်တူကိုယ်တူ ပေါင်းစည်းကာ အတူလက်တွဲဆောင်ရွက်ခဲ့သော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ယနေ့ဆိုရင် ၁၂ နှစ်တည်ထောင်ဖွဲ့စည်းထားသော ပြည်ထောင်စု အင်ဂျီအိုအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

နှစ်စဉ် တစ်နှစ်တစ်ခါ ကျင်းပသော အထွေထွေညီလာခံ (AGM) အစည်းအဝေးကို ဥက္ကဋ္ဌ ဒေါ်မို့မို့အောင် ဦးဆောင်သော မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (MRESA) က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသူ နိုင်ငံသားအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့ (စနေနေ့) တွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ အစည်းအဝေး ကျင်းပသွားမည်ဖြစ်ပါသည်။

### ကွန်ဒိုတိုက်ခန်းများပြသမည်

ထိုအစည်းအဝေးသို့ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးပေါင်းစုံ အသင်းသူ/ အသင်းသား တစ်ထောင်ဝန်းကျင်ခန့် တက်ရောက်ကြမည်ဖြစ်ပါသည်။ အဆိုပါ အခမ်းအနားတွင် ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်များ ဆောက်လုပ်ထားသော အိမ်ရာများ၊ ကွန်ဒိုများ၊ တိုက်ခန်းများကို ပြခန်း၌ ထားရှိ၍ တက်ရောက်လာသော ပုဂ္ဂိုလ်များ စိတ်ဝင်စားစေရန် ပြသဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (MRESA) ၏ အထွေထွေညီလာခံ (AGM) အစည်းအဝေးသို့ ပြင်သစ်နိုင်ငံတွင် အခြေစိုက်ထားသည့် ကမ္ဘာ့အိမ်ခြံမြေအဖွဲ့ (FIABCI) အဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ အရှေ့တောင်အာရှအိမ်ခြံမြေ (အာဆီယံ) အဖွဲ့အစည်းမှ တာဝန်ရှိသူများ တက်ရောက်အားပေးမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အင်ဂျီအို (NGO) အဖွဲ့အစည်းမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်မည် ဖြစ်ပါသည်။

> ❖ **အိမ်ခြံမြေလုပ်ငန်းသည် လူတိုင်းနှင့်သက်ဆိုင်သော လုပ်ငန်းတစ်ခုဖြစ်ပြီး အချို့ဝန်ထမ်းများက အိမ်ခြံမြေလုပ်ငန်းအား မသိနားမလည်၍ မိမိတစ်သက်တာစုဆောင်းထားသော ငွေကြေးဖြင့် တစ်အိုးတစ်အိမ်ထူထောင်ရန် ဝယ်ယူသည့်အခါ ရောင်းမှား၊ ဝယ်မှားဖြစ်ပြီး ငွေကြေးဆုံးရှုံးမှုများ ကြုံတွေ့သည့်ဖြစ်စဉ်များကို စိတ်မကောင်းစွာကြားသိခဲ့ရ၊ မြန်မာနိုင်ငံတွင် ကြီးပွားချမ်းသာသော လူ ၁၀၀ ကို စနစ်တကျစိစစ်၍ လေ့လာကြည့်ရှုပါက ချမ်းသာသောပုဂ္ဂိုလ်များ၏ ၆၅ ရာခိုင်နှုန်းသည် မြေကြောင့် ကြီးပွားချမ်းသာကြောင်း တွေ့ရှိ၊ ဟိုတယ်လုပ်ငန်းရှင်အချို့ နေပြည်တော်တွင် မြေဝယ်ယူခွင့်ရ၍ ထိုစဉ်ကာလ မြေတစ်ကေတန်ဖိုးသည် ရာဂဏန်းမျှသာရှိ၊ ယခု ဖွံ့ဖြိုးတိုးတက်လာသောအခါ ယခုခေတ် မြေတစ်ကေတန်ဖိုးသည် ထောင်သောင်းဂဏန်းနီးပါး တန်ဖိုးတက်လာသည်ကို တွေ့ရှိရ၊ ငယ်စဉ်က လူကြီးသူမ ပြောကြားသောစကားကို ပြန်လည်ကြားယောင်မိ**

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့က ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Amari Hotel ၌ ကျင်းပသော 2024 Asia Pacific Real Estate Convention အစည်းအဝေးသို့ ပြင်သစ်နိုင်ငံအခြေစိုက် ကမ္ဘာ့အိမ်ခြံမြေအဖွဲ့ (FIABCI) က ဖိတ်ကြားခဲ့သဖြင့် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းဥက္ကဋ္ဌ ဒေါ်မို့မို့အောင်၊ ဒုတိယဥက္ကဋ္ဌဦးလူဟန်၊ အထွေထွေအတွင်းရေးမှူးချုပ် ဦးမောင်အေး ဦးဆောင်သော ဗဟိုအလုပ်အမှုဆောင်များ၊ အသင်းသူ/ အသင်းသား ၂၀ ခန့် တက်ရောက်လေ့လာခဲ့ပါသည်။

လူတိုင်း “စားဝတ်နေရေး” ဆိုသည့် အရေးကြီးသည့် သုံးပါးကို မဖြစ်မနေ ရင်ဆိုင်ရမည်ဖြစ်ပြီး ထိုအထဲမှ “နေရေး” ဆိုသည့် လောကတစ်ပါးကို မည်သူမဆို ရင်ဆိုင်ရမည်ဖြစ်ပါသည်။ အရွယ်ရောက်၍ အိမ်ထောင်ပြုလာသည်နှင့် ကိုယ့်အိုးကိုယ့်အိမ် ထူထောင်ကြရမည်ဖြစ်ပါသည်။ ထိုအခါ တိုက်ခန်း (သို့) အိမ်ရာတစ်ခုကို ငှားရမ်းခြင်း၊ ဝယ်ယူခြင်းကို မလွဲမသွေ ရင်ဆိုင်ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းသည် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ကြီးကြပ်မှုအောက်တွင် ပူးပေါင်းကာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများက မြေယာအုပ်ချုပ်ရေးသမိုင်းများ၊ အသုံးချမြေယာဥပဒေများ၊ မြေအမျိုးအစားများ၊ မြို့များနှင့် ကျေးရွာမြေများ စီမံခန့်ခွဲမှုဆိုင်ရာများ၊ ခရိုင် ကော်လိတ္တော်အရာရှိ တာဝန်များ စသော ကျယ်ပြန့်သည့် မြေယာကိစ္စများ ရှင်းလင်းခြင်း၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ် တိုင်းဒေသကြီးများတွင် ကြီးကြပ်ရေး အာဏာပိုင်များ ဖွဲ့စည်းထားရှိခြင်း၊ အိမ်ခြံမြေအကျိုးဆောင်အဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်လျှောက်ထားရေး ကိစ္စရပ်များအားလည်းကောင်း၊ သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များက ငွေကြေးခဝါချ တိုက်ဖျက်ရေးကိစ္စရပ်များ (AML/ CFT) အားလည်းကောင်း၊ ဥပဒေပညာရှင်များက အိမ်ခြံမြေရောင်းဝယ်ငှားလိုက်နာကျင့်သုံးရမည့် ဥပဒေ၊ နည်းဥပဒေများအား လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက မြို့ပြအိမ်ရာဆိုင်ရာ လိုက်နာကျင့်သုံးရမည့် အချက်များအားလည်းကောင်း၊ တက္ကသိုလ် ပါမောက္ခ (အငြိမ်းစား) များ ပါဝင်သော ဆရာများက စိတ်ပိုင်းဆိုင်ရာ ပြုပြင်လိုက်နာရမည့် အချက်များအား လည်းကောင်း၊ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (MRESA) မှ တာဝန်ရှိပုဂ္ဂိုလ်များက အိမ်ခြံမြေ အသင်းသူ/ အသင်းသားများလိုက်နာရမည့်စည်းကမ်းများ၊ ကျင့်ဝတ်သိက္ခာများ၊ ရောင်းမှား ဝယ်မှား မရှိစေရန် စိစစ်စစ်ဆေးရမည့် အချက်များ၊ အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်မှုများအား လည်းကောင်း သင်တန်းကာလ နှစ်ရက်တာကာလအတွင်း သင်ကြားပေးလျက်ရှိပါသည်။ အိမ်ခြံမြေ အသိပညာပေးသင်တန်းများကို လစဉ်ပို့ချလျက်ရှိရာ ယခုဆိုလျှင် တစ်နိုင်ငံလုံးအနေဖြင့် သင်တန်းသားပေါင်း တစ်သောင်းကျော် အပတ်စဉ် (၄၄/၂၀၂၄) အထိ၊ နောက်ဆုံးသင်တန်းတက်ရောက်ခဲ့သည့် အသင်းသားနံပါတ် (၁၂၇၂၉) အထိ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

### အိမ်ခြံမြေသင်တန်း အသိပညာရှင်၊ အတတ်ပညာရှင်များ တက်ရောက်လေ့လာ

အိမ်ခြံမြေအသိပညာပေး သင်တန်းသို့ ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) များ၊ ညွှန်ကြားရေးမှူး/ ဒုတိယညွှန်ကြားရေးမှူး/ လက်ထောက်ညွှန်ကြားရေးမှူး (အငြိမ်းစား)၊ တပ်မတော်အရာရှိ (အငြိမ်းစား)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အရာရှိ (အငြိမ်းစား) များ၊ တက္ကသိုလ်ပါမောက္ခ (အငြိမ်းစား) များ၊ တိုင်းဥပဒေအရာရှိ (အငြိမ်းစား)များ၊ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ဆရာ/ဆရာမ (အငြိမ်းစား)များ၊ သင်္ဘောကပ္ပတိန်များ၊ ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှ ဒါရိုက်တာအဖွဲ့ဝင်များ၊ လူထုလူတန်းစား အလွှာအသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များ အပါအဝင် တက်ရောက်လေ့လာခဲ့သည်ကို စိစစ်တွေ့ရှိရပါသည်။

မိမိတို့ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (MRESA) သည် ကိုယ်ကျင့်တရား ကောင်းမွန်သော ဌာနဆိုင်ရာများ၊ အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များနှင့် စုစည်းဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) နှင့် အပေါင်းလက္ခဏာဆောင်သော ပူးပေါင်းဆောင်ရွက်မှုနှင့် ၂၀၁၈ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအတိုင်း ယုံကြည်စွာ လိုက်နာ၍ ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

### ရောင်းမှား၊ ဝယ်မှားဖြစ်ပြီး ငွေကြေးဆုံးရှုံးမှုများကြုံတွေ့

အိမ်ခြံမြေလုပ်ငန်းသည် လူတိုင်းနှင့် သက်ဆိုင်သော လုပ်ငန်းတစ်ခုဖြစ်ပြီး အချို့ဝန်ထမ်းများက အိမ်ခြံမြေလုပ်ငန်းအား မသိနားမလည်၍ မိမိတစ်သက်တာ စုဆောင်းထားသော ငွေကြေးဖြင့် တစ်အိုးတစ်အိမ်ထူထောင်ရန် ဝယ်ယူသည့်အခါ ရောင်းမှား၊ ဝယ်မှားဖြစ်ပြီး ငွေကြေးဆုံးရှုံးမှုများ ကြုံတွေ့သည့်ဖြစ်စဉ်များကို စိတ်မကောင်းစွာ ကြားသိခဲ့ရပါသည်။ မြန်မာနိုင်ငံတွင် ကြီးပွားချမ်းသာသော လူ ၁၀၀ ကို စနစ်တကျ စိစစ်၍ လေ့လာကြည့်ရှုပါက ချမ်းသာသော ပုဂ္ဂိုလ်များ၏ ၆၅ ရာခိုင်နှုန်းသည် မြေကြောင့် ကြီးပွားချမ်းသာကြောင်း တွေ့ရှိပါသည်။ ဟိုတယ်လုပ်ငန်းရှင်အချို့ နေပြည်တော်တွင် မြေဝယ်ယူခွင့်ရ၍ ထိုစဉ်ကာလ မြေတစ်ကေတန်ဖိုးသည် ရာဂဏန်းမျှသာ ရှိပါသည်။ ယခုဖွံ့ဖြိုးတိုးတက်လာသောအခါ ယခုခေတ် မြေတစ်ကေတန်ဖိုးသည် ထောင်သောင်းဂဏန်းနီးပါး တန်ဖိုးတက်လာသည်ကို တွေ့ရှိရပါသည်။ ငယ်စဉ်က လူကြီးသူမ ပြောကြားသော စကားကိုပြန်လည်ကြားယောင်မိပါသည်။

**“မြေဝယ်မကျ၊ နားထောင်ပါ”** ဆိုတဲ့ စာသားလေးပါ။ ပြည်သူတွေအနေဖြင့် မိမိပိုင်ဆိုင်သည့် ငွေကြေးနှင့် တစ်ပိုင်တစ်နိုင်ဝယ်ထားပါက ဆယ်စုနှစ်တစ်စုဆိုလျှင် တန်ဖိုးရှိလာသည်ကို တွေ့ရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (MRESA) အသင်းကြီးသည် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းပြီး မိမိတို့၏ ကျရာအခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားလျက်ရှိပါသည်။ အဓိကမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းစေရန် ဖြစ်ပါသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းလာသည်နှင့် မြို့ရွာအိုးအိမ်များလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်လာသည်နှင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ ကန်ထရိုက်ဆောက်လုပ်သူများ၊ အိမ်ခြံမြေလုပ်ငန်းများ လုပ်ကိုင်သူများ ရင်းနှီးမြှုပ်နှံလာသည်နှင့် စီးပွားဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ စီးပွားတိုးတက်လာသည်နှင့်အမျှ ၎င်းတို့နှင့် ဆက်နွှယ်သော အုတ်သဲကျောက် လုပ်ငန်းလုပ်ကိုင်သူ၊ ဆောက်လုပ်ရေးပစ္စည်းနှင့် ဆက်စပ်သော လုပ်ငန်းလုပ်ကိုင်သူ၊ ဘိလပ်မြေ၊ သံမဏိလုပ်ငန်း၊ လျှပ်စစ်နှင့် စက်ပစ္စည်းလုပ်ငန်း၊ စက်ယန္တရားလုပ်ငန်း၊ စက်သုံးဆီရောင်းဝယ်သည့်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆက်စပ်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

အလားတူ လုပ်ငန်းများ ကောင်းမွန်လာသည်နှင့်အမျှ ဘဏ်လုပ်ငန်းများ ငွေသွင်းငွေထုတ်များပြားလာပြီး ဘဏ်စီးဆင်းမှု မှန်ကန်လာသည်နှင့်အမျှ ငွေကြေးတည်ငြိမ်၊ တန်ဖိုးရှိလာမည်ဖြစ်ပါသည်။ ထိုအချိန်တွင် ပို့ကုန်လုပ်ငန်းများ၊ သွင်းကုန်လုပ်ငန်းများ မျှတလာသည်နှင့်အမျှ နိုင်ငံခြားငွေလဲလှယ်နှုန်းထားများသည်လည်း တည်ငြိမ်လာမည်ဖြစ်ပါသည်။ လူမှုစီးပွားများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့် နိုင်ငံတော်အတွင်း ပြည်သူများ စီးပွားရေးကောင်းမွန်လာကာ မြန်မာပြည်အနှံ့ လည်ပတ်ခရီးစဉ်များ ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။ ယင်းလုပ်ငန်းနှင့် ဆက်စပ်သည့် ဟိုတယ်လုပ်ငန်းသည်လည်း ပြန်လည်ကောင်းမွန်မည်ဖြစ်ပါသည်။

ထို့အတူ စားသောက်ဆိုင်လုပ်ငန်းများလည်း ပြန်လည်ကောင်းမွန်လာပြီး အခြေခံစားကုန်များဖြစ်သည့် စိုက်ပျိုးရင်းနှီးမြှုပ်နှံမှုများလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ **“ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသည်”** ဖြစ်ရာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်သူများလည်း အလုပ်အကိုင်များ ပေါများလာမည် ဖြစ်ပါသည်။ ပြည်သူများ စီးပွားရေးကောင်းမွန်လာသည်နှင့် ဝင်ငွေပိုရလာကာ ဒုစရိုက်မှုခင်းများ ကျဆင်းလာမည်ဖြစ်ပါသည်။ **“အူမတောင့်မှ သီလစောင့်မယ်”** ဆိုသည့် စကားရှိရာ ပြည်သူများ စားဝတ်နေရေး ပြေလည်လာလျှင်၊ စိတ်ဓာတ်လန်းဆန်းတက်ကြွလာလျှင် ကောင်းမွန်သည့် စိတ်ထားလေးများ ပြောင်းလဲလာမည် ဖြစ်ပါသည်။

### အိမ်ခြံမြေဝန်ဆောင်မှု အစည်းအဝေးတက်ရောက်ရန် ဖိတ်ခေါ်

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(MRESA)က ကျင်းပမည့် အစည်းအဝေးတွင် အာဆီယံမြန်မာသီချင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုအက၊ ကချင်တိုင်းရင်းသားတို့၏ ရိုးရာယိမ်းအက၊ ကရင်တိုင်းရင်းသားတို့၏ ရိုးရာဒုံးယိမ်းအက စသည့် အကများဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ရာ တာဝန်ရှိသူများနှင့် အသင်းသူ/အသင်းသားများ ပျော်ရွှင်စွာ ဆင်နွှဲပါဝင် တက်ရောက်ကြပါရန် ဖိတ်ခေါ်အပ်ပါကြောင်းနှင့် **“ရှေ့သို့လှမ်းချီ အောဂျီအမ်ဆီသို့”** ဟု တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပါသည်။ ။

# ကယားပြည်နယ်ဝန်ကြီးချုပ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက် မြို့နယ်အတွင်း ရေဝင်ရောက်သည့်နေရာများနှင့် ရေဘေးကယ်ဆယ်ရေးစခန်းများကြည့်ရှု

**လွိုင်ကော် စက်တင်ဘာ ၁၉**

ကယားပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၄) ကို ယမန်နေ့မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်သဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က လက်ရှိဖြစ်ပေါ်နေသော ရေကြီးရေလျှံဖြစ်ပွားမှုများအတွက် ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူများဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရေး ကျော်လွှားနိုင်ရေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပြင်ဆင်ဆောင်ရွက်ကြရန် လိုကြောင်း၊ ရေများထပ်မံမြင့်တက်မှုရှိပါက ပြည်သူများအား ကြိုတင်အသိပေးခြင်း၊ ကူညီကယ်ဆယ်ခြင်း၊ ရေဘေးလွတ်ရာ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းနိုင်ရေးနှင့် ရပ်ကွက်အလိုက် ရေဘေးကွပ်ကဲရေး ရုံးများဖွင့်လှစ်နိုင်ရေး မှာကြားသည်။ **(အပေါ်ယာပုံ)**



ထို့နောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ အရေးပေါ်တုံ့ပြန်ရေးဆောင်ရွက်ထားရှိသည့် အစီအမံများနှင့် ကြိုတင်စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြကြပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ဆောင်ရွက်ပေးမည့်အခြေအနေများ ၊ ပေါင်းစပ်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ မှာကြားကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ယာယီရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီး အားပေးစကားများ ပြောကြားပြီး ရေ၊ မီး၊ သန့်စင်ခန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အုပ်ချုပ်မှုနှင့် လုံခြုံရေးကိစ္စများ လစ်ဟင်းမှုမရှိစေရေးဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သာသနာ့ဗိမာန်တော်ကြီး၏ ယာယီရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ ချက်ပြုတ်ကျွေးမွေးသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုကာ ရေထပ်မံဝင်ရောက်လာပါက ကယ်ဆယ်ရေးစခန်း ကြိုတင်ပြင်ဆင်မည့် မိုဃ်းကောင်းဘုရားကြီးရှိ ဓမ္မာရုံ၊ စေတီပုထိုးနှင့် ပုဗ္ဗါရုံပရိယတ္တိ စာသင်တိုက်ရှိ ကျောင်းဝင်းအတွင်း ပြင်ဆင်ရန် လိုအပ်သည်များကို ကြည့်ရှုစစ်ဆေးပြီး ပုဗ္ဗါရုံပရိယတ္တိ စာသင်တိုက်ဆရာတော်အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

# တနင်္သာရီတိုင်းဒေသကြီး အမျိုးသမီးကော်မတီ(၁/၂၀၂၄) အစည်းအဝေးကျင်းပ

**ထားဝယ် စက်တင်ဘာ ၁၉**

တနင်္သာရီတိုင်း ဒေသကြီး အမျိုးသမီးကော်မတီ (၁/၂၀၂၄) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်က ကော်မတီဝင်များ အနေဖြင့် မိမိ၏တာဝန်ယူဆောင်ရွက်နေကြသည့် အခန်းကဏ္ဍများတွင် တိုင်းဒေသကြီးအတွင်း၌ ရှိသော အမျိုးသမီးများ၊ အမျိုးသမီးငယ်ရွယ်များ၏ အကျိုးစီးပွားကို ရှေးရှုပြီး ကျား၊ မ တန်းတူညီမျှရေးနှင့်အမျိုးသမီးအခွင့်အရေးများပြည့်ဝစွာရရှိနိုင်ရန် ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မဟာဗျူဟာစီမံကိန်း ၂၀၂၃-၂၀၃၂ ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန်အတွက် တိုင်းဒေသကြီးကော်မတီဝင်များက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘတ်ဂျက်ရန်ပုံငွေဖြင့် တင်ပြဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။ **(အောက်ဝဲပုံ)**



ထို့နောက် ကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးမှူး ဒေါ်ဆွေဆွေလင်းက အမျိုးသမီးများ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများအား ရှင်းလင်းတင်ပြပြီး ကော်မတီဝင်များက အမျိုးသမီးအခွင့်အရေးဆိုင်ရ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ လူမှုရေးဝန်ကြီးက လိုအပ်သည်များပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့်အစမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အစမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံး လိုက်နာဆောင်ရွက်ခဲ့ပြီး အစမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding-MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) ကို ၂၀၂၀ ပြည့်နှစ်တွင် ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အစမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားချက်များကို အမျိုးသားအဆင့်အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆို အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့် လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice51@gamil.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့်အစမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

# ပြည်ကြီးတံခွန် ရွာသစ်ကလေးကျေးရွာတွင် တပ်မတော်က တပ်သားသစ်စုဆောင်းမှုအဖြစ် ပေါ်တာဆွဲဖမ်းဆီးခဲ့ကြောင်း သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၉

**မန္တလေးတိုင်းဒေသကြီးပြည်ကြီးတံခွန်မြို့နယ် ရွာသစ်ကလေးကျေးရွာမှ အမျိုးသား ၂၀ ကျော်ကို စက်တင်ဘာ ၁၆ ရက် နံနက် ၅ နာရီတွင် တပ်မတော်နှင့် ကျေးရွာအုပ်ချုပ်ရေးပူးပေါင်းအဖွဲ့က ဝင်ရောက်ဖမ်းဆီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများမှ သတင်းအမှားများ မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။**




အဆိုပါသတင်းသည် တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် နိုင်ငံကိုအလုံးစုံ ပျက်သုဉ်းလိုသည့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ လူမဆန်သည့် လုပ်ရပ်များကို လက်မခံနိုင်သော မျိုးချစ်လူငယ်များအနေဖြင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို အမြဲတမ်း ထမ်းဆောင်လိုသည့်အတွက် တပ်မတော်ထဲသို့ လာရောက်ဝင်ရောက်လျက်ရှိပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများသို့ တက်ရောက်ရန်အတွက်လည်း မိမိဆန္ဒအလျောက် လာရောက်ဆန္ဒပြုသူများလည်း ရှိကြောင်း၊ လက်ရှိတွင် ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၅) အထိ အောင်မြင်စွာ ဖွင့်လှစ် သင်ကြားပေးလျက်ရှိပြီး သင်တန်းဆင်းပြီးသော နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းစစ်သည်များသည်လည်း တာဝန်ကျရာ တပ်ရင်း/ တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်း၊ အဆိုပါမြို့နယ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်ပတ်သက်၍ ပြည်သူများ သိရှိစေရန်အတွက် နိုင်ငံပိုင်မီဒီယာများမှ စဉ်ဆက်မပြတ် ဖော်ပြပေးလျက်ရှိကာ ဆက်သွယ်မေးမြန်းနိုင်သည့် ဖုန်းနံပါတ်များသို့လည်း စုံစမ်းမေးမြန်းနိုင်ကြောင်းနှင့် ပြည်သူများ စိုးရိမ်ပူပန်မှုမြင့်တက်စေရန်နှင့် လူငယ်များလမ်းမှားရောက်စေရန် ရည်ရွယ်ပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက ဝါဒဖြန့်ထုတ်လွှင့်နေခြင်းသာဖြစ်သည်။

**သတင်းစဉ်**

# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၉**

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

## နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန် တည်နေရာများ ထုတ်ပြန်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင်ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၂၀-၅-၂၀၂၁) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၃/၂၀၂၁ ဖြင့် ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာ နေရာသတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်နှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကိုအကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## သံလွင်မြစ်နှင့် စစ်တောင်းမြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၉**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲကျော် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေကျော် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## ရွှေကျင်မြစ် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၉**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## အစ္စလာမ်ဘာသာရေးအဖွဲ့ ၊ ဘားလမ်း မွတ်စလင်မ် ကုသိုလ်ဖြစ်ဆေးရုံနှင့် အလှူရှင်များက ရေဘေးအတွက်လှူဒါန်း

**တောင်ငူ စက်တင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ဖွင့်လှစ်ထားသည့် တောင်ငူခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံကွပ်ကဲမှုအဖွဲ့ရုံး၌ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေး အဖွဲ့ကြီး၊ သဘာဝဘေးသင့်ပြည်သူများ ပံ့ပိုးကူညီရေးကော်မတီနှင့် ချယ်ရီဦးနာရီလုပ်ငန်းစု၊ ဘားလမ်း မွတ်စလင်မ် ကုသိုလ်ဖြစ်ဆေးရုံတို့က ရေဘေးသင့် ပြည်သူများအား ငွေကျပ်သိန်း ၁၁၀ နှင့် ကျပ်သိန်း ၂၀၀ တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများ ပံ့ပိုးကူညီလှူဒါန်းသည်။



အခမ်းအနားတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ခိုင်ချိုက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ သဘာဝဘေးသင့်ပြည်သူများ ပံ့ပိုးကူညီရေးကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များက ငွေကျပ်သိန်း ၁၀၀ နှင့် အိမ်ထောင်စု ၁၀၀ အတွက် ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ကြက်သွန်၊ ငါးသေတ္တာ၊ ခေါက်ဆွဲ၊ လက်ဖက်နှင့် လူသုံးကုန်ပစ္စည်းများ၊ ချယ်ရီဦးလုပ်ငန်းစုမှ CEO ဦးကျော်ကျော်မိုးက အိမ်ထောင်စု ၁၀၀ အတွက် ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများ၊ ဘားလမ်း မွတ်စလင်မ် ကုသိုလ်ဖြစ်ဆေးရုံမှ ငွေကျပ် ၁၀ သိန်းကို လှူဒါန်းရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ခိုင်ချိုက လက်ခံယူပြီး (ဝဲပုံ) ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## သရက်မြို့ ပြည်သူ့ဆေးရုံ၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေး

**သရက် စက်တင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်းရှိ ခရိုင်ကုသရေးဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ နှလုံးရောဂါများကို အခမဲ့စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့စစ်ဆေးပေးလျက်ရှိပြီး ယမန်နေ့ နံနက်ပိုင်းက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးရန် လာရောက်သည့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းပေးခြင်း၊ သွေးချိုဆီးချိုရောဂါ စစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့်ဆေးဝါးများကို အခမဲ့ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



## ရမည်းသင်းမြို့ သပြေပင်ကျေးရွာ ရေဘေးရှောင်ပြည်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်း

**ရမည်းသင်း စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သပြေပင်ကျေးရွာ အလယ်တန်းကျောင်းရှိ ရေဘေးသင့် အိမ်ထောင်စုဝင်များအား စက်တင်ဘာ ၁၆ ရက်က စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်နေရာရှိ ပြည်သူ ၄၆၀ ကို ပြောင်းရွှေ့နေရာချထားကာ ရမည်းသင်းခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များက ဆန်၊ ဆီနှင့် ကြက်ဥများ၊ အလှူရှင်များက ခေါက်ဆွဲခြောက်၊ ရေသန့်၊ ထမင်း၊ ဟင်း၊ အဝတ်အထည်၊ အလှူငွေနှင့် အခြေခံစားသောက်ကုန်များကို သွားရောက်ထောက်ပံ့သည်။ **(အပေါ်ပုံ)**

ရမည်းသင်းမြို့နယ်၌ မိုးရွာသွန်းခြင်းကြောင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၀ မှ ရပ်ကွက်၊ ကျေးရွာပေါင်း ၉၃ ရွာရှိ အိမ်ထောင်စု ၁၅၁၁၃ စုမှ ရေဘေးသင့်အမျိုးသား ၂၃၉၉၅ ဦး၊ အမျိုးသမီး ၂၉၉၇၇ ဦး၊ နေအိမ်များအတွင်း ရေဝင်ရောက်ခဲ့ပြီး ရေတိုက်စားပျက်စီးဆုံးရှုံးခဲ့သည့်နေအိမ် ၂၀၁၅၅ လုံး ရေဘေးသင့်ပျက်စီးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေး

**ဘားအံ စက်တင်ဘာ ၁၉**

ကရင်ပြည်နယ်အတွင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၉ ရက်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ကရင်ပြည်နယ်အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကရင်ပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားသည်။ **(ယာပုံ)**



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အလုပ်ရုံဆွေးနွေးပွဲအတွက် ငွေကျပ် ၅၇၅၅၀၀၀ ကို ထောက်ပံ့ပေးအပ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက အလုပ်ရုံဆွေးနွေးပွဲလုပ်ငန်းစဉ်ကို ရှင်းလင်းတင်ပြသည်။

ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် အုပ်စု သုံးစုခွဲ၍ အခြေခံပညာကျောင်းများ စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ကွက်၊ ကျေးရွာ ပြည်သူ့စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာများကို အုပ်စုလိုက်ဆွေးနွေးသွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ နှစ်ရက်ကြာ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဘားအံမြို့နယ် ဒုံရင်းအခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ အထူးနေ့လယ်စာကို သုံးဆောင်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ စားဖိုဆောင်နှင့် School Garden ဧက ၀ ဒသမ ၅၀ တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်ဘောလုံးအသင်း PAKASA FC တစ်နှစ်ပြည့်အထိမ်းအမှတ် မိသားစုဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲယှဉ်ပြိုင်၊ PAKASA FC (5) အသင်းဗိုလ်စွဲ

**မန္တလေး စက်တင်ဘာ ၁၉**

ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်ဘောလုံးအသင်း PAKASA FC တစ်နှစ်ပြည့်အထိမ်းအမှတ် မိသားစုဖိတ်ခေါ်ဖလားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို မန္တလေးချမ်းမြသာစည် ဘောလုံးကွင်းတွင် ယမန်နေ့ညနေပိုင်းက PAKASA FC(5)အသင်းနှင့် PAKASA FC(3) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်နှင့် တာဝန်ရှိသူများ၊ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းဥက္ကဋ္ဌ ဦးသက်တင်နှင့် အမှုဆောင်များ၊ ဘောလုံးအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။




ဗိုလ်လုပွဲတွင် PAKASA FC (5)အသင်းနှင့် PAKASA FC(3) အသင်းတို့အကြိတ်အနယ်ယှဉ်ပြိုင်ကြရာ ဒုတိယပိုင်းပွဲပြီးသည်အထိ တစ်ဖက်နှင့်တစ်ဖက် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သဖြင့် ပယ်နယ်တီ အဆုံးအဖြတ်ကန်သွင်းရာ PAKASA FC (5) အသင်းက ခြောက်ဂိုး - လေးဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကျင်းပရာ ဒုတိယဆုရ PAKASA FC(3)အသင်းအား တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက ဆုချီးမြှင့်ပြီး ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းဥက္ကဋ္ဌက ဗိုလ်စွဲသည့် PAKASA FC(5)အသင်းအား ဆုငွေနှင့် ပထမတံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **တင်မောင်(မန်း)**

**သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**



## မဟာအောင်မြေမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဆိုင်ရာ သင်တန်းဖွင့်

**မန္တလေး စက်တင်ဘာ ၁၉**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအဆင့်ဆင့်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်း ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ ရက်က မဟာအောင်မြေမြို့နယ် အမှတ် (၁၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်ဦးက အမှာစကားပြောကြားပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော်က သန်းခေါင်စာရင်းဆိုင်ရာ သဘောတရားများ ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းတွင် နည်းပြဆရာ ဆရာမ ၁၂ ဦးတို့က သင်တန်းသား သင်တန်းသူ ၁၄၄ ဦးတို့ကို စက်တင်ဘာ ၁၇ ရက်မှ ၂၈ ရက်အထိ စာတွေ့/ လက်တွေ့ သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ဝင်းကျော်၊ ကြည်ဝင်း၊ နေဇာဇာထွန်း |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm



ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ကြီးမှူး၍ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၇ ရက်က ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဟံစိုး အမှာစကားပြောကြားစဉ်။

တင်ထွန်းဦး (ပြန်/ဆက်)

**၁၉ - ၉ - ၂၀၂၄ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်** ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၉၀၀ | ၃၆၈ | ၃၂၅၄၇၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၈၈ | ၃၀၈၀၀၀ |
| MCB | ၈၉၀၀ | ၈၉၀၀ | ၅ | ၄၄၅၀၀ |
| FPB | ၁၈၅၀ | ၁၈၅၀ | ၁၂၅ | ၂၃၁၂၅၀ |
| TMH | ၂၈၅၀ | ၂၈၀၀ | ၁၀၁ | ၂၈၂၈၅၀ |
| EFR | ၁၇၅၀ | ၁၇၀၀ | ၇၂၂ | ၁၂၃၂၄၀၀ |
| AMATA | ၄၅၀၀ | ၄၅၀၀ | ၃၀ | ၁၃၅၀၀၀ |
| MAEX | ၃၄၀၀ | ၃၄၀၀ | ၂၀၇၃ | ၇၀၄၈၂၀၀ |
| MADPL (PLB) | ၃၇၀၀၀ | ၃၆၅၀၀ | ၁၀၃ | ၃၇၆၁၀၀၀ |

# ရေပြန်လည်ကျဆင်းသွားသည့် နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



**နေပြည်တော် စက်တင်ဘာ ၁၉**

နေပြည်တော် ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ရေများ ပြန်လည်ကျဆင်းသွားသည့် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင် လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်တွင်လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်နှင့် လွိုင်လင်လေးမြို့နယ်တို့တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင်လည်းကောင်း ရပ်ကွက်၊ ကျေးရွာများမှ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်း အပါအဝင် အခြားလိုအပ်သည်များကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။ **(အောက်ပုံ)**



ထို့ပြင် ယာယီရေဘေးရှောင်စခန်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများရှိ ရေဘေးသင့် ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ **(အပေါ်ယာပုံ)** ထိုသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေး ပစ္စည်းများ ပေးအပ်သည်။

ထို့အပြင် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များကလည်း ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ တိုင်းစစ်ဌာနချုပ်များသို့ လာရောက်လှူဒါန်းလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ စေတနာရှင် အလှူရှင်များက စုစုပေါင်း ငွေကျပ် ၂၀၉၃၅၀၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများကို လာရောက်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင် ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော် ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်များရှိ ရေဝင်ရောက်မှု ဖြစ်ပေါ်ခဲ့သော မြို့နယ် ၅၃ မြို့နယ်တွင် ယနေ့ နံနက် ၇ နာရီအချိန်အထိ ရရှိသော စာရင်းများအရ လူနေအိမ် ၄၄၇၁ လုံး ထိခိုက်ပျက်စီးခဲ့ပြီး ၁၆၈၇၀၄ လုံး ရေဝင်နစ်မြုပ်ခဲ့ကြောင်း၊ ပြည်သူ ၂၉၃ ဦး သေဆုံး၊ ၈၉ ဦး ပျောက်ဆုံးလျက်ရှိကြောင်းနှင့် ရေဘေးကယ်ဆယ်ရေးစခန်း စုစုပေါင်း ၄၂၅ ခု ဖွင့်လှစ်၍ အိမ်ထောင်စု ၄၇၀၁၉ စု၊ လူဦးရေ ၁၆၁၅၉၂ ဦးတို့ကို ကူညီကယ်ဆယ်ရေးနှင့် လိုအပ်သော ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ထို့အပြင် ရုံး/ဌာန အဆောက်အအုံ ၁၁၃ လုံး၊ စာသင်ကျောင်း ၉၁၉ ကျောင်း၊ ဘာသာရေးအဆောက်အအုံ ၃၃၁ လုံး၊ လမ်း/တံတားအချို့၊ လျှပ်စစ်မီးတိုင်နှင့် ဆက်သွယ်ရေးတိုင်များ ရေဝင်နစ်မြုပ်ခြင်း၊ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကာ တိရစ္ဆာန်မျိုးစုံ စုစုပေါင်းကောင်ရေ ၁၂၉၁၅၀ ကောင် သေဆုံးခဲ့ပြီး စပါးနှင့် သီးနှံမျိုးစုံ စိုက်ဧက ၇၆၆၅၈၆ ဧက ရေဝင်နစ်မြုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန် ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## အမျိုးသမီးတစ်ဦးကို တရုတ်မယားအဖြစ် ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် စက်တင်ဘာ ၁၉**

အမျိုးသမီးတစ်ဦးကို တရုတ်မယားအဖြစ် ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ် (၁၀) နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်နေ မချယ်ရီမင်းမင်း(ခ) ချယ်ရီနှင့် နန်းမားကျေးရွာနေ မကေသီစိုး (ခ) ချီချီတို့က ရှမ်းပြည်နယ် သီပေါမြို့နယ်နေ မ---၊ ၁၈ နှစ်ကို တရုတ်နိုင်ငံတွင် တရုတ်ယောကျ်ားယူရမည့် အလုပ်လုပ်ပါက ယွမ် ၁၅၀၀၀ ရရှိမည်ဟု ပြောဆိုစည်းရုံးကာ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစား၍ ငွေကြေးအကျိုးအမြတ်များ ရယူခဲ့သဖြင့် မူဆယ်မြို့မရဲစခန်း (ပ)၉၇/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး စက်တင်ဘာ ၁၈ ရက်တွင် မူဆယ်ခရိုင်တရားရုံးမှ တရားခံ မကေသီစိုး (ခ)ချီချီကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပင်လောင်းမြို့နယ် ပင်လောင်းကြီး ဖောင်တော်ဦးဘုရားပွဲတော် အစဉ်အလာမပျက် စည်ကားစွာကျင်းပ

**ပင်လောင်း စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ပင်လောင်းကြီးကျေးရွာ၌ ဖောင်တော်ဦးဘုရားပွဲတော်သည် နှစ်စဉ် တော်သလင်းလပြည့်ကျော် ၁ ရက်နေ့တွင် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ ဖောင်တော်ဦးဘုရားပွဲတော်ကို နှစ်စဉ် ကျင်းပလျက်ရှိပြီး ရပ်နီးရပ်ဝေးမှ ပွဲလာဧည့်ပရိသတ်များက ဆွမ်းတော်ကပ်လှူခြင်း၊ ဖောင်တော်ဦးဘုရားအား ရွှေသင်္ကန်းကပ်လှူခြင်း၊ ပွဲတော်အတွက် အလှူငွေနှင့် ကျွေးမွေးရေးအတွက် ဆန်၊ ဆီ၊ ဟင်းအမယ်များ ထည့်ဝင်လှူဒါန်းခြင်းဖြင့် ကုသိုလ်ပါဝင်ကြသည်။

ဖောင်တော်ဦး ဘုရားပွဲတော်တွင် ပင့်ဖိတ်ထားသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းခဲဖွယ်များ ဆက်ကပ်ပြီး ရပ်နီးရပ်ဝေးမှ ပွဲတော်လာ ဧည့်ပရိသတ်များကိုလည်း ထမင်းဟင်းဖြင့် ဧည့်ခံကျွေးမွေးသည်။ ဖောင်တော်ဦးဘုရားပွဲသည် နှစ်စဉ် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသည့် ပွဲတော်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ဖြစ်ပွားသည့်ကာလတွင် ဘုရားပွဲတော်အား အကျဉ်းချုံးသာ ပြုလုပ်ကျင်းပခဲ့ရကြောင်း၊ ဖောင်တော်ဦးဘုရားပွဲသည် ပင်လောင်းမြို့နယ်တွင် အထင်ကရ လူသိများသည့် ပွဲတော်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်၊ အထက(ခွဲ)အမှတ်(၁) ကျောင်း Grade-9 မှ မောင်ပိုင်ဖြိုး ၏ ဖခင်အမည်မှန်မှာ ဦးဇော်လှိုင်ထွေး ၇/ပခတ(နိုင်)၀၆၇၁၂၂ ဖြစ်ပါကြောင်း။

ဦးဇော်လှိုင်ထွေး

## ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ မာလာလမ်း၊ တိုက်(7)A နေ ဦးအောင်ဇော် ၏သမီး မနှင်းနုနုအောင် ၁၃/နခတ(နိုင်)၀၈၀၇၁၇ ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၇၆၀ ၇၇၁ ၉၇၈

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်၊ အထက(ခွဲ)အမှတ်(၁) ကျောင်း Grade-9 မှ မပိုးပိုးစံ ၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းလတ် ၇/ပခတ(နိုင်)၀၄၅၇၉၈ ဖြစ်ပါကြောင်း။

ဦးမျိုးမင်းလတ်

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ အထက(ဇီးကုန်းကြီး) Grade-9 တွင် ပညာသင်ကြားနေသော မယမင်းလှိုင် ၏ ဖခင်အမည်မှန်မှာ စောစေးပွဲဖော ဖြစ်ပါကြောင်း။

စောစေးပွဲဖော

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ညောင်ရမ်းဈေးရပ်ကွက်နေ ဦးစိုးဝင်း ၏ သမီးဖြစ်သူ ဒေါ်အေးအေးမြင့် ၉/မထလ(နိုင်)၀၇၀၂၉၁ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၆-၁၉၆၈ ဖြစ်ပါကြောင်း။

ဒေါ်အေးအေးမြင့်

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊အထက(ခွဲ) အလင်းရောင်ကျောင်း Grade-11တွင် ပညာသင်ကြားနေသော မောင်ရှိန်းဗိုလ်အောင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးဝင်း ၉/မခန(နိုင်) ၂၅၁၃၀၀ ဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ချောက်မြို့နယ်တရားရုံးတော်၌**
**၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-(၃၄)**

ဒေါ်ညိမ်းညိမ်း **တရားလို** နှင့် ဦးကျော်ကျော်လင်းပါ(၂)ဦး **တရားပြိုင်**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ အမှတ်(၁၅)ရပ်ကွက်၊ စံပြမြို့သစ်ရပ်နေ ဦးကျော်ကျော်လင်း(ဘ)ဦးစိန်မောင်၏သား အရောင်းအဝယ်လုပ်ကိုင်သူ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ညိမ်းညိမ်းက ဝိုင်းမြေနှင့် အဆောက်အအုံတန်ဖိုး (၂၀၀၀၀၀၀၀/-) (ကျပ်သိန်းနှစ်ရာတိတိ) နှင့် နစ်နာကြေးငွေကျပ် (၅၀၀၀၀၀၀/-) (ကျပ်သိန်းငါးဆယ်တိတိ) ရလိုမှုလျှောက်ထားတရားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၁ရက် (၁၃၈၆ခုနှစ်၊ တော်သလင်းလဆုတ် ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူက တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရန်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့မှောက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၁၇ရက်တွင် ဤရုံးတံဆိပ်ခပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုင်းမျိုးညွန့်ဦး)
မြို့နယ်တရားသူကြီး
ချောက်မြို့နယ်တရားရုံး

## အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ **“မော်တော်ဆိုင်ကယ်ကို စီးနင်းမောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ညအချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်”** အသိပေးအပ်ပါသည်။

နေပြည်တော်ယာဉ်
စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၇)၊ သာယာကုန်းအနောက်စု၊ အိမ်အမှတ် (၄၂၆)နေ ဦးမောင်ဝင်း (ဘ) ဦးမောင်မြင့် (၁၂/ဒဂန(နိုင်)၀၂၆၁၅၃) နှင့် ဒေါ်လှလှမြင့် (ဘ) ဦးထွန်းကြည် (၁၂/ဒဂန(နိုင်)၀၁၆၄၅၃) တို့၏ သားဖြစ်သူ မောင်ထွန်းအောင်ကျော်သည် မိဘနှင့် မိသားစု မောင်နှမတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိသားစုစိတ်ဆင်းရဲစေရန် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ၎င်းအားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် မောင်ထွန်းအောင်ကျော်နှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးမောင်ဝင်း (၁၂/ဒဂန(နိုင်)၀၂၆၁၅၃) ဒေါ်လှလှမြင့် (၁၂/ဒဂန(နိုင်)၀၁၆၄၅၃)
အိမ်အမှတ် (၄၂၆)၊ သာယာကုန်းအနောက်စု၊ ရပ်ကွက်ကြီး (၇)၊
ပြင်ဦးလွင်မြို့

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Koaung Koaung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျောက်ဖြူကုန်းကျေးရွာနေ အောင်လွင်ဦး အား ညနေ ၅ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “မီးအိမ်ရှင်” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဒေဝကျေးရွာနေ မြမြနှင်းအား ည ၇ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

အလားတူ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Nway Oo Maung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရေသောက်ကန်ကျေးရွာနေ ကျော်ရဲအောင်အား မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ “May.Tz,Htun” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးမြို့နယ် ပန်းလှိုင်ရပ်ကွက်နေ မေသဇင်ထွန်း အား ည ၇ နာရီခွဲတွင်လည်းကောင်း၊ “Shwe Sin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးမြို့နယ် ဘုရားကြီးမြို့နေ ရွှေစင်ထွန်း အား ည ၈ နာရီ ၄၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နေ ကျွန်မ ဒေါ်တင်မမသိန်း ၅/စကန(နိုင်) ၀၁၄၀၃၆၏ သမီးဖြစ်သူ မခိုင်ဆက်ဆက်ဝေ ၅/စကန(နိုင်) ၂၆၂၆၇၈ အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။


ဒေါ်တင်မမသိန်း ၅/စကန(နိုင်)၀၁၄၀၃၆

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန




နှစ် (၆၀) ပြည့်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ရဲတပ်ဖွဲ့ဝင်များသည် ယမန်နေ့က အောင်လံမြို့ ပြည်သူ့ဆေးရုံ အတွင်း၊ အပြင်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

## ချောက်မြို့နယ်တွင် ၂၀၂၄ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်

**ချောက် စက်တင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းအတွက် မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်က အမှာစကားပြောကြားပြီး သင်တန်းကို စက်တင်ဘာ ၁၇ ရက်မှ ၂၈ ရက်အထိ နည်းပြကိုးဦးဖြင့် ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၃၂ ဦး တက်ရောက်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅)

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်

၂၀၂၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၂၆

ဒေါ်စန်းစန်းမော် နှင့် ၁။ တပ်မမှူး(အမှတ်-၁၁ ခြေမြန် တပ်မဌာနချုပ်၊ ၎င်းတပ်မမှ တာဝန်ပေးအပ်ခြင်းခံရသူ ဗိုလ်ကြီးကိုသင်း(ငြိမ်း)
၂။ ဦးကျော်ထွန်းဝင်း
၃။ ဒေါ်လှရီ
၄။ ဦးအောင်ဇော်
၅။ ဦးမြင့်ဦး
၆။ ဦးအုန်းလွင်
၇။ ဦးဝင်းတင်
၈။ ဒေါ်အေးမိစံ

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

၂၀၂၄ခုနှစ်၊ ဇွန်လ (၂၁)ရက်စွဲပါ ပဲခူးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၂၄/၂၀၁၉ အမှုတွင် ချမှတ်သောအမိန့်ကို ပြင်ဆင်မှု။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဦးပိုင်အမှတ်(၂၆/၄)၊ ရန်ကုန်-မန္တလေး အမြန်ကားလမ်းမကြီးဘေး၊ ဝါးမရမ်းကျေးရွာနေ လျှောက်ထားခံရသူ (၂)ဦးကျော်ထွန်းဝင်း၊ မိုင်တိုင်အမှတ်(၂၆/၄)နှင့်(၂၇/၀) ရန်ကုန်-မန္တလေး အမြန်ကားလမ်းမကြီးဘေး၊ ဝါးမရမ်းကျေးရွာနေ လျှောက်ထားခံရသူ(၃) ဒေါ်လှရီ၊ မိုင်တိုင်အမှတ်(၂၇/၀)၊ ရန်ကုန်-မန္တလေး အမြန်ကား လမ်းမကြီးဘေး၊ ဝါးမရမ်းကျေးရွာနေ လျှောက်ထားခံရသူ(၄)ဦးအောင်ဇော်၊ မိုင်တိုင်အမှတ်(၂၇/၃)၊ ရန်ကုန်-မန္တလေး အမြန်ကားလမ်းမကြီးဘေး၊ ဝါးမရမ်းကျေးရွာနေ လျှောက်ထားခံရသူ(၅) ဦးမြင့်ဦး၊ မိုင်တိုင်အမှတ်(၂၇/၃)၊ ရန်ကုန်-မန္တလေး အမြန်ကားလမ်းမကြီးဘေး၊ ဝါးမရမ်းကျေးရွာနေ လျှောက်ထားခံရသူ(၆) ဦးအုန်းလွင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ပဲခူးခရိုင်တရားရုံးတော်မှ ချမှတ်သည့်အမိန့်ကို လျှောက်ထားသူမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံး တော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၄ ရက်) နံနက်(၁၀)နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လှိုင်ဟိန်းဇော်)
လက်ထောက်ညွှန်ကြားရေးမှူး
ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်

## မွေးသက္ကရာဇ်အမှန်ဖြစ်ပါကြောင်း

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အထက-၂ ကျောင်းတွင် Grade-12၊ အခန်း (B)၌ တက်ရောက်နေသည့် (ဘ)ဦးမောင်ကြီး၏သား မောင်ထွန်းဝင်းကျော် ၁၁/ကဖန(နိုင်) ၁၆၂၇၇၀၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၁-၂၀၀၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဝေါမြို့နယ်၊ အေးချမ်းသာယာရပ်ကွက်၊ မူလွန်(အေးချမ်း)ကျောင်းမှ မူလတန်းကျောင်းအုပ်ဆရာမ ဒေါ်ဆန်းဆန်းနွယ် ၇/ဝမန(နိုင်)၀၀၁၄၁၁ ၏ ဖခင်အမည်မှန်မှာ ဦးမောင်ဆိုင်ဖြစ်ပါကြောင်း။

**ဦးမောင်ဆိုင်**

## မွေးသက္ကရာဇ်အမှန်ဖြစ်ပါကြောင်း

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အထက-၂ ကျောင်းတွင် Grade-12၊ အခန်း (B)၌ တက်ရောက်နေသည့် (ဘ)ဦးမောင်ကြည်၏သမီး မသန်းမြင့်ကြည် ၁၁/ကဖန(နိုင်) ၁၆၇၁၆၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၇-၂၀၀၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဝေါမြို့နယ်၊ အလက(ခွဲ)တောကြီးကျောင်း Grade-4 မှ မောင်အောင်ရတနာ ၏ ဖခင်အမည်မှန်မှာ ဦးဇော် ၇/ဝမန (နိုင်) ၀၉၈၅၉၀ ဖြစ်ပါကြောင်း။

**ဦးဇော်**

## မွေးသက္ကရာဇ်အမှန်ဖြစ်ပါကြောင်း

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အထက-၂ ကျောင်းတွင် Grade-12၊ အခန်း (B)၌ တက်ရောက်နေသည့် (ဘ)ဦးမောင်လှဝင်း၏သမီး မသဇင်ဖြူ ၁၁/ကဖန(နိုင်)၁၆၀၀၇၈ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၇-၂၀၀၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဝေါမြို့နယ်၊ အလက(ခွဲ)တောကြီးကျောင်း Grade-3 မှ မောင်ဇာနည်အောင် ၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်း ၇/ဝမန(နိုင်)၀၇၇၅၇၉ ဖြစ်ပါကြောင်း။

**ဦးဆန်းဝင်း**

## အမည်မှန်

တောင်ကြီးမြို့၊ လမင်းအိမ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ (Grade-12မှ မသိန်းသိန်းစု၏ အမည်မှန်မှာ နန်းသိန်းသိန်းစု (၁၃/တကန(နိုင်)၃၉၆၇၃၃) ဖြစ်ပါကြောင်း။

## အမည်မှန်

တောင်ကြီးမြို့၊ အ.ထ.က(၄)၊ Grade-12(C) မှ နန်းလောင်ယုယွန်း (၁၃/ကဟန(နိုင်) ၀၅၆၇၇၃) ၏ အမည်မှန်မှာ နန်းလောဝ်ယုယွန်း ဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

ကော့သောင်းမြို့နယ်တရားရုံးတော်

၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၄

ဦးမြင့်အောင် နှင့် ၁။ ဦးစိုးဝင်း
၂။ ဦးထင်ကျော်ကျော်

**တရားလို** **တရားပြိုင်များ**

အမှတ် ၃၂၊ ၉၇ လမ်း၊ ၃-လွှာ၊ ကန်တော်လေးရပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ရပ်နေ ဦးစိုးဝင်း (ယခုနေရပ်လိပ်စာမသိ)နှင့် အမှတ် ၅၄၂၊ မြရည်ပုလဲလမ်း၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ကော့သောင်းမြို့နယ်နေ ဦးထင်ကျော်ကျော် (ယခုနေရပ်လိပ်စာမသိ)တို့အား သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမြင့်အောင်က " နေအိမ်နှင့်မြေကွက်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်အတူ သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျုံးထောင်းလျန်)
တွဲဖက်မြို့နယ်တရားသူကြီး
ကော့သောင်းမြို့နယ်တရားရုံး

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ-၂၂)

ပြင်ဦးလွင်မြို့နယ်တရားရုံးတော်

၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂ နှင့်ဆက်နွယ်သည့်

၂၀၂၄ခုနှစ်၊ တရားမဇာရီမှုအမှတ် -၂၇

ဒေါ်ခင်စောမြင့် နှင့် ဦးတင်မောင်ညွှန့်

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

မိတ္ထီလာမြို့၊ ဘုရင့်နောင်လမ်း၊ ဝမ်းတော်ပြည့်တိုးချဲ့ရပ်နေ တရားရှုံး ဦးတင်မောင်ညွှန့်(ဘ)ဦးကျော်ဒွန်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဒေါ်ခင်စောမြင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၁၀ရက် (၁၃၈၆ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နှင်းယုလွင်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ပြင်ဦးလွင်မြို့နယ်တရားရုံး

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ အ.ထ.က(၄)၊ Grade-12(A) မှ နန်းဖူးပွင့်ဝေ(၁၃/ဆဆန(နိုင်)၁၂၉၂၃၃)၏ ဖခင် ဦးစောလှိုင်မင်းခေါင်(ခ) ဦးလှိုင်မင်းခေါင်(ခ) ဦးခွန်စောလှိုင်မင်းခေါင် (၁၃/ဆဆန(နိုင်)၀၂၈၂၉၀) မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အ.ထ.က(၄) Grade-12(B) မှ မောင်သူရိန်ဟိန်း(၂/ဒမဆ(နိုင်)၀၇၉၂၂၈) ၏ဖခင် အမည်မှန်မှာ ဦးဘျားရယ်(၂/ဖရဆ(နိုင်)၀၀၇၀၃၃) ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အ.ထ.က (၄) Grade-12(D) မှ ခွန်စုံ(၁၃/တကန(နိုင်)၃၅၈၂၁၄) ၏ဖခင် အမည်မှန်မှာ ဦးခွန်သဲဟိန်းဦး (၁၃/တကန(နိုင်)၁၅၆၁၄၅) ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အ.ထ.က (၄) Grade-12(B) မှ နန်းမိုးမိုးလှိုင် (၁၃/တကန(နိုင်)၃၈၇၁၄၇) ၏ ဖခင်အမည်မှန်မှာ ဦးစိုင်းထွန်းအောင် ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် - ၁၅၇၊ မြေကွက်အမှတ်- ၉၀၊ မြေအကျယ်အဝန်း အလျား (၂၀)ပေx အနံ (၆၀)ပေရှိ ဦးဘုန်းမော် ( ၁၂/ပဇတ(နိုင်)၀၀၃၂၁၈၊ TRY -၀၀၂၇၂၆ ) အမည်ပေါက် မြေချပါမစ်အမျိုးအစားမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း ဒေါ်သင်းသင်းအေး (၁၂/ ဒဂရ(နိုင်)၀၂၆၂၂၇) ကဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သီတာလွင် ( LLB,D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၀၆/၂၀၁၆)**
**အမှတ်-၉၊ ဆရာမကြီးလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ဖုန်း-၀၉- ၄၂၅၀၁၈၆၈၄**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## ပြည်တွင်းအခွန်များဦးစီးဌာန

### IRD's Tax Payment Hub Portal တွင် အီလက်ထရောနစ်ငွေပေးချေမှုစနစ်ကို အသုံးပြု၍ အခွန်ရုံးများသို့ အခွန်ပေးဆောင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ထမ်းပြည်သူများ အခွန်ပေးဆောင်ရာတွင် လွယ်ကူမြန်ဆန်စေရန်အတွက် အီလက်ထရောနစ်နည်းဖြင့် အခွန်ငွေပေးဆောင်နိုင်မည့်နည်းလမ်းများကို အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကဘဏ်များ၏ အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှုကွန်ရက်စနစ် (CBM-NET)မှတစ်ဆင့်လည်းကောင်း၊ MPU E-Commerce ကိုအသုံးပြု၍ Online မှလည်းကောင်း ပေးဆောင်နိုင်ရန် ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

၂။ ပြည်တွင်းအခွန်များဦးစီးဌာနသို့ အီလက်ထရောနစ်နည်းဖြင့် အခွန်ငွေပေးဆောင်နိုင်မည့်နည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) e-Commerce ဖွင့်လှစ်ထားသော MPU Debit Card အသုံးပြု၍ Online မှ အခွန်ငွေပေးဆောင်ခြင်း **(https://www.ird.gov.mm မှတစ်ဆင့် အခွန်ငွေပေးသွင်းခြင်း)**၊

(ခ) **မိုဘိုင်းအီလက်ထရောနစ်ငွေပေးချေမှုစနစ်** သို့မဟုတ် ပုဂ္ဂလိကဘဏ်များတွင် ဖွင့်လှစ်ထားသော ငွေစာရင်းမှ CBM-NET System ရှိ CCT Function ကို အသုံးပြု၍ အီလက်ထရောနစ်နည်းဖြင့် အခွန်ငွေပေးသွင်းခြင်း။

၃။ ပြည်တွင်းအခွန်များဦးစီးဌာနသည် အထက်ပါနည်းလမ်းများအပြင် ဦးစီးဌာန၏ Website မှတစ်ဆင့် Multi-Channel Tax Payment Platform အနေဖြင့် အသုံးပြုအခွန်ငွေပေးဆောင်နိုင်ရန်အတွက် IRD's Tax Payment Hub Portal အား အကောင်အထည်ဖော်ခဲ့ရာ ပထမအဆင့်အနေဖြင့် ၁-၉-၂၀၂၄ ရက်နေ့မှစ၍ ယူအေဘီဘဏ် (uab Bank) ၏ uab Pay နှင့် uab Banking ဖြင့်လည်းကောင်း၊ e-Commerce ဖွင့်လှစ်ထားသော MPU Debit Card အသုံးပြု၍လည်းကောင်း အခွန်ငွေပေးသွင်းနိုင်ရန် ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ အဆိုပါ IRD's Tax Payment Hub Portal မှတစ်ဆင့် အခြားသောဘဏ်များနှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၏ အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြင့် ပေးသွင်းနိုင်ရန် စနစ်ပိုင်းချိတ်ဆက်ပြီးချိန်တွင်လည်း အချိန်နှင့်တစ်ပြေးညီ အသိပေးသွားမည်ဖြစ်ပါသည်။

၅။ IRD's Tax Payment Hub Portal မှတစ်ဆင့် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)တို့မှ ကုမ္ပဏီအဖွဲ့အစည်းအခွန်ထမ်းများနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (၁၁၁)ရုံးတို့မှ တစ်ဦးချင်း ပုဂ္ဂိုလ်အခွန်ထမ်းများသည် e-Commerce ဖွင့်လှစ်ထားသော MPU Debit Card ကိုအသုံးပြု၍ Online မှလည်းကောင်း၊ ယူအေဘီဘဏ် (uab Bank) ၏ uab Pay နှင့် uab Banking တို့ဖြင့် အခွန်ငွေပေးဆောင်နိုင်သည့်အပြင် လက်ရှိကျင့်သုံးလျက်ရှိသော ပုဂ္ဂလိကဘဏ်များမှတစ်ဆင့် အီလက်ထရောနစ်ငွေပေးချေမှုနည်းလမ်းများဖြင့်လည်း ဆက်လက်ပေးဆောင်နိုင်ပါသည်။

၆။ အခွန်ထမ်းပြည်သူများအနေဖြင့် အီလက်ထရောနစ်နည်းလမ်းကိုအသုံးပြု၍ အခွန်ငွေပေးဆောင်ခြင်းဖြင့် မြန်မာနိုင်ငံအတွင်းရှိ အင်တာနက်ရရှိသော မည်သည့်နေရာမှမဆို အချိန်မရွေး လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ခြင်း၊ ငွေကြေးကိုင်တွယ်မှုလျှော့ချနိုင်ခြင်း၊ မိမိနှင့်သက်ဆိုင်သော အခွန်ငွေပေးသွင်းခဲ့သည့်အချက်အလက်များကို ဦးစီးဌာန၏ Data Center ရှိ Database တွင် သိမ်းဆည်းထားသဖြင့် စနစ်တွင် မှတ်ပုံတင်(Register)ပြုလုပ်၍ ဝင်ရောက်စစ်ဆေးကြည့်ရှုနိုင်ခြင်း၊ ထိုသို့စစ်ဆေးနိုင်ခြင်းကြောင့် ငွေကြေးဆုံးရှုံးမှု၊ အလွဲသုံးစားမှုနှင့် မသမာမှုဖြစ်ပွားခြင်းအန္တရာယ်တို့ကို ကြိုတင်ကာကွယ်နိုင်ခြင်းဟူသည့် ကောင်းကျိုးများကို ခံစားရမည်ဖြစ်ပါသည်။

၇။ သို့ဖြစ်ပါ၍ ကုမ္ပဏီအဖွဲ့အစည်းအခွန်ထမ်းများသည် အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) ကိုအသုံးပြု၍လည်းကောင်း၊ တစ်ဦးချင်းပုဂ္ဂိုလ်အခွန်ထမ်းများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (သို့မဟုတ်) အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) ကိုအသုံးပြု၍လည်းကောင်း၊ မြန်မာနိုင်ငံအတွင်းရှိ အင်တာနက်ရရှိသော မည်သည့်နေရာမှမဆို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော https://www.ird.gov.mm ၏ Homepage ရှိ e-Payment Menu Link မှတစ်ဆင့် (သို့မဟုတ်) https://onlinepayment.ird.gov.mm Link မှတစ်ဆင့် IRD's Tax Payment Hub Portal သို့ ဝင်ရောက်အသုံးပြုနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၈။ အခွန်ထမ်းပြည်သူများအနေဖြင့် အီလက်ထရောနစ်နည်းလမ်းကိုအသုံးပြု၍ အခွန်ငွေပေးဆောင်ခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသည်များရှိပါက အခွန်ထမ်းဝန်ဆောင်မှု ဗဟိုအဖွဲ့ရုံး (ရန်ကုန်) (၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) (၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) (၀၂-၄၀၃၀၁၃၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉)၊ အီလက်ထရောနစ်ဝန်ဆောင်မှုနည်းပညာပိုင်းဆိုင်ရာ အကူအညီပေးရေးစင်တာ (e-Service Help Desk Center) (၀၁-၈၃၇၈၃၇၃၊ ၀၁-၈၃၇၀၁၉၅၊ ၀၁-၈၃၇၉၀၂၁) နှင့် သက်ဆိုင်ရာမြို့နယ်အခွန်ရုံးများထံ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

**အမည်ပြောင်း**

ဦးမောင်မောင်ညွှန့် ၁၃/ကလန(နိုင်) ၀၁၅၁၆၃ ၏သမီး နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၉) အထက်တန်းကျောင်း Grade-4မှ မချောသဥ္ဇာမောင်အား မချောစုဟေသာဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မချောစုဟေသာ**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းနော်ခမ်း(ဘ)ဦးသိန်းကိုကို ၈/ပမန(နိုင်)၁၅၈၅၆၄ နှင့် ဒေါ်ဟိန်းသီရိစိုး(ဘ)ဦးသန်းထွန်း ၉/မထလ(နိုင်) ၃၄၇၀၆၇တို့သည် တစ်ဦးနှင့်တစ်ဦး ဆက်လက်နေထိုင်ပေါင်းသင်းရန် မဖြစ်နိုင်တော့ပါသောကြောင့် (၁၇-၉-၂၀၂၄)ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ဟိန်းသီရိစိုး**
**၉/မထလ(နိုင်)၃၄၇၀၆၇**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုဆုမြတ်နိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၅၂၅၃)**
**ဖုန်း-၀၉-၉၅၂၃၆၂၀၁၅**

## ဖခင်အမည်မှန်

ရွှေတောင်မြို့နယ်၊ ကျိုးသဲကျေးရွာအုပ်စု၊ အထက (ကျိုးသဲ) Grade- 12မှ မဆုမြတ်ထက်၏ ဖခင်အမည်မှန်မှာ ဦးကိုဝင်း ၇/ပတန(နိုင်)၀၃၇၈၆၅ ဖြစ်ပါကြောင်း။

**ဦးကိုဝင်း**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ် - ၄၊ မြေကွက်အမှတ် - ၁၁၇၅၊ ဗိုလ်ပျို(၁)လမ်း၊ မြေအကျယ်အဝန်း အလျား (၄၀)ပေx အနံ (၆၀)ပေရှိ ဒေါ်ငွန်မင်း (၄/ထတလ(နိုင်)၀၃၅၁၉၅) အမည်ပေါက် မြေငှားဂရန်မြေကွက်နှင့် ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီး( ၂၁-၇-၂၀၂၄)ရက် မြန်မာ့အလင်းသတင်းစာတွင် ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာ ထည့်သွင်းခဲ့ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် (၆-၉-၂၀၂၄)ရက်တွင် အရောင်းအဝယ်အား ဖျက်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သီတာလွင် ( LLB,D.I.L ) တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၀၈၀၆/၂၀၁၆)**
**အမှတ်-၉၊ ဆရာမကြီးလမ်း ၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ဖုန်း-၀၉- ၄၂၅၀၁၈၆၈၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3L/5610 ယာဉ်လက်ဝယ်ရှိသူ ဦးသူရကျော် ၈/မသန (နိုင်) ၁၂၀၁၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

# ဆေးပညာဘွဲ့ရဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး)ဗိုလ်လောင်းများ ခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန် ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၃၀ ထက် မကျော်ရ။

(ဃ) (M.B.B.S) သို့မဟုတ် (B.D.S) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘွဲ့လက်မှတ်(မူရင်း)အား တင်ပြနိုင်ရမည်။

၂။ သက်ဆိုင်ရာ တက္ကသိုလ်မှ (Grading Certificate) အမှတ်စာရင်းပါရှိရမည်။

၃။ မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ပါရှိရမည်။

၄။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံ ပူးတွဲတင်ပြရမည်။

၆။ တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၇။ လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူဖြစ်ရမည်။

၈။ လျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး အောက်တိုဘာလ ၃၁ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၉။ သတ်မှတ်အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များအား တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် သွေးတွင်းအဆီဓာတ်တိုင်းတာသည့်ပစ္စည်း (Point-of-care test for lipids) ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများကို ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် ပစ္စည်းစာရင်း အသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ လည်းကောင်း၊ ဖုန်းအမှတ်- ၀၉-၇၈၀၈၂၀၀၁၃၊ ၀၉-၈၈၁၁၁၂၂၀၅ နှင့် ၀၉-၂၆၉၄၄၇၄၁၇ သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့်ပစ္စည်းအတွက်ဈေးနှုန်းတင်သွင်းလွှာ-

(က) **စတင်ရောင်းချမည့်ရက်** - ၂၀-၉-၂၀၂၄(သောကြာနေ့)၊ နံနက် ၁၀:၀၀နာရီ

(ခ) **အိတ်ဖွင့်တင်ဒါပိတ်ရက်** - ၄-၁၀-၂၀၂၄(သောကြာနေ့)၊ မွန်းလွဲ ၂:၀၀နာရီ

(ဂ) **ရောင်းချမည့်နေရာ** - ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်)၊ အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ဖခင်အမည်မှန်

နေပြည်တော် C.A.E ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 ၌ ပညာသင်ကြားနေသည့် မောင်ဆက်နေအောင် ၁၂/ဒပန(နိုင်) ၀၆၈၁၆၆ ၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးဝင်း(ခ)ဦးမျိုးမြင့် ဖြစ်ပါကြောင်း။

**ဦးအောင်မျိုးဝင်း(ခ)ဦးမျိုးမြင့်**

## ဖခင်အမည်မှန်

ပြည်မြို့၊ အထက (အောင်ဆန်း)ကျောင်း Grade-5 မှ မရွှေရည်ဖြိုးဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇေယျ ၁၂/ဗဟန(နိုင်)၁၂၄၁၆၂ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ဇီးကုန်းမြို့၊ အထက (မြို့မ) ကျောင်း Grade-12(2)မှ မချစ်ခွန်းချို ၇/နတလ(နိုင်) ၁၉၀၀၇၄ ၏ မိခင်အမည်မှန်မှာ ဒေါ်ခင်သီတာထွန်း ၇/နတလ(နိုင်) ၁၀၆၈၅၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဇီးကုန်းမြို့ ၊ အထက (မြို့မ) ကျောင်း Grade-12(2)မှ မဖူးဖူး ၇/ဇကန(နိုင်)၀၈၂၈၀၄ ၏ဖခင်အမည်မှန်မှာ ဦးစန်းထူး ၇/ဇကန(နိုင်)၀၇၇၃၄၄ ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/9692 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ရမည်းသင်းမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် -၃၈

ဒေါ်မိမိခိုင် (၎င်း၏အထွေထွေကိုယ်စားလှယ် ဦးသိန်းဇော်) **နှင့်** ၁။ ဦးဇော်မင်းနိုင်
၂။ ဒေါ်အေးသိန်း
၃။ ဦးဇော်မျိုး(ခ)ဦးမျိုး
၄။ ဦးသိန်းအောင်
၅။ ကိုငြိမ်းချမ်းဇော်
၆။ မသီရိထွန်း(ခ)သီသီထွန်း

**တရားလို** **တရားပြိုင်များ**

ရမည်းသင်းမြို့၊ မီးရထားဝင်းအတွင်းရပ်နေ မသီရိထွန်း(ခ)သီသီထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မိမိခိုင် (၎င်း၏အထွေထွေကိုယ်စားလှယ် ဦးသိန်းဇော်)က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ဇော်အောင်)**
**မြို့နယ်တရားသူကြီး**
**ရမည်းသင်းမြို့နယ်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၂)၊ ရန်ကုန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၂)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ခြင်း လုပ်ငန်းများအတွက် လိုအပ်သော(မြို့ပြ) ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူဌားရမ်းဆောင်ရွက်မည်ဖြစ်ပါသဖြင့် ပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည် ။

၁။ **တင်ဒါလျှောက်လွှာရောင်းချမည့် ရက်နှင့်အချိန်** - ၂၅-၉-၂၀၂၄ရက် (ရုံးချိန်အတွင်း)

၂။ **တင်ဒါလျှောက်လွှာပိတ်မည့် ရက်နှင့်အချိန်** - ၂-၁၀-၂၀၂၄ရက် (ညနေ ၄:၀၀ နာရီ)

၃။ **တင်ဒါ ဖွင့်မည့်ရက်နှင့်အချိန်** - ၄-၁၀-၂၀၂၄ရက် နံနက်(၁၀:၀၀)နာရီ တင်ဒါဖွင့်မည့်ရက် အပြောင်းအလဲရှိပါက ထပ်မံကြော်ငြာပါမည်။

၄။ **တင်ဒါ စိစစ်ရွေးချယ်မည့်နေရာ** - အဆောက်အဦ အထူးအဖွဲ့(၂)၊ အစည်းအဝေးခန်းမ၊ ဘော်စင်လမ်း၊ သုဝဏ္ဏ(၂၄)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။

အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အဆောက်အဦအထူးအဖွဲ့(၂)ဘော်စင်လမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၄၂၀၁၆၂၅၉၈၊ ၀၉-၇၄၀၈၀၄၃၃၆ သို့ (၂၅-၉-၂၀၂၄) ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/5564 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ဖခင်အမည်မှန်

ထားဝယ်မြို့၊ ကျောက်ရပ်ကျေးရွာ၊ မူလွန်ကျောင်း Grade-1 မှ မောင်ဘုန်းခန့်အောင်နှင့် Grade-2 မှ မောင်ခန့်ရှိုင်းအောင်တို့၏ဖခင် ဦးအောင်နိုင်ထွန်း၏အမည်မှန်မှာ ဦးသက်နိုင်စိုး ၆/ထဝန(နိုင်)၁၃၅၇၆၀၂ ဖြစ်ပါကြောင်း။

**ဦးသက်နိုင်စိုး**

## အမည်မှန်

ထားဝယ်မြို့၊ ပိန္နဲတောရပ်၊ ရေးလမ်းနေ ဦးအုန်းဝင်း၏ သားဖြစ်သူ ဦးရေချမ်း၏ အမည်မှန်မှာ ဦးသန်းဝင်း ၆/ထဝန (နိုင်)၁၂၈၃၄၄ ဖြစ်ပါကြောင်း။

**ဦးသန်းဝင်း**

## အမည်ပြောင်း

ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ဇလွတ်ရွာနေ ဦးဆန်းမြင့်၏သားဖြစ်သူ မောင်မြင့်သန်းထွန်းအား မောင်ဇွဲပြည်ဖြိုးဟု ပြောင်းလဲခေါ်ဆို ပါရန်။

**မောင်ဇွဲပြည်ဖြိုး**

## အမည်ပြောင်း

မြိတ်မြို့၊ အလက-၅၊ Grade-1 မှ ဦးသန်းကျော်စိုး၏သား မောင်ဟိန်းကျော်သန့်အား မောင်သူရိန်ထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်သူရိန်ထက်**

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၉-၂၀၂၄ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၆) အမရပူရ ခရိုင်တရားရုံးတော် အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြော်ငြာတွင် ဦးဘိုကူး အစား ကိုဘိုကူးဟု၎င်း၊ တော်သလင်းအစား တော်သလင်းလဆန်းဟု၎င်း ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/1489, Honda Wave 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လွင်နန္ဒာ ၆/မအရ(နိုင်) ၁၆၃၉၁၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂယ/၃၃၆၆၅, Honda Wave 100 NCX, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်ဌေး ၆/မမန(နိုင်)၂၄၇၀၃၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

## In the matter of the Myanmar Companies Law and Insolvency Law
## Great Victory Myanmar Company Limited
## (ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း)

အထက်ဖော်ပြပါ ကုမ္ပဏီ၏ မြီရှင်များအနေဖြင့် ၎င်းတို့၏အမည်၊ လိပ်စာအပြည့်အစုံ၊ ကြွေးမြီအသေးစိတ် အချက်အလက်များနှင့် ၎င်းတို့ရှေ့နေများ၏ အမည်၊လိပ်စာများကို ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၂၀ရက်မတိုင်မီ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ပေးပို့ရန် လိုအပ်ကြောင်း အသိပေးအပ်ပါသည်။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ ဤသို့စာဖြင့် အကြောင်းကြားထားသော သတ်မှတ်ရက်အတွင်း လူကိုယ်တိုင်သော်လည်းကောင်း (သို့) ၎င်းတို့၏ ရှေ့နေများမှ တဆင့်သော်လည်းကောင်း ကြွေးမြီတင်ရှိမှုအသေးစိတ်ကို လာရောက်သက်သေပြရန် လိုအပ်ပါသည်။ ယင်းကြွေးမြီများကို သက်သေမပြနိုင်ပါက ၎င်းတို့ကို ကြွေးမြီခွဲဝေပေးမည့်အထဲမှ ဖယ်ထုတ်ခံရမည်ဖြစ်ပါသည်။

**ဖြိုးလင်းအောင်**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**နံပါတ် ၄၅/၉၉၇၊ ဦးတင်အေးလမ်း၊ (၄၅)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်။**
**ဆက်သွယ်ရန်ဖုန်း-၀၉-၉၅၃၉၁၇၇၉၉**

## In the matter of the Myanmr Companies Law and Insolvency Law
## GREAT VICTORY MYANMAR COMPANY LIMITED
## (In Members' Voluntary Winding Up)

The following resolutions of the shareholder was passed as Special Resolution on 19 September 2024.

**SPECIAL RESOLUTIONS**

IT WAS RESOLVED:

"THAT, the Company be wound up voluntarily pursuant to section 147 (a) (ii) of the Insolvency Law.

"THAT, the liquidator be authorized to exercise any of the powers provided by the Insolvency Law and that in accordance with the provisions of the insolvency Law Section 152 (a), the Liquidator be and is hereby authorized to distribute in specie all or any part of the assets of the Company."

"THAT, U Phyo Linn Aung(7/ZaNaKa(N) 057658)be appointed as Liquidator of the Company to act as for the purpose of such winding up."

"THAT , the Company be and is hereby wound up voluntarily under Members' Voluntary Winding up on 19 September 2024.

**By order of the Board,**
**U Ye Mon Htut**
**Managing Director**
**Great Victory Company Limited**

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ | | | | | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| | | မြို့နယ်/မြို့ | ရပ်/ကျေး | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | |
| ၁ | ဒေါ်လှလှချို | ပုသိမ် | အမှတ်(၁၃) | ၅၂/စီးပွားဖုန် | ဘီ-၈၈ | ၀.၁၁၀ | ဂရန်အသစ် |
| ၂ | ဒေါ်လှလှချို | ပုသိမ် | အမှတ်(၁၅) | ၁၆၃-ဘီ/ ထန်းကုန်း | အမ်-၁၁၇/အေ | ၀.၀၂၇ | ဂရန်အသစ် |
| ၃ | ဦးလင်းလင်း | ချောင်းသာ | အမှတ်(၂) | ၁၉၉၀/ချောင်းသာ | ၎-၈ | ၀.၁၄၂ | အမည်ပြောင်း |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့် နေ့ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ရွာသာကျေးရွာအုပ်စု၊ ရွာသာကျေးရွာနေ ဦးတင်ဌွေ၏သမီး ကျွန်မ မငြိမ်းဝေနွယ် ၈/မကန (နိုင်)၃၂၀၈၄၄ ၏ နိုင်ငံကူးလက်မှတ် အမှတ်(MH-149102)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၄၄၂၆၉၂၄**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 6M/4273, Sojen Pickup (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၈/နမန(နိုင်) ၁၉၃၈၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံး**
**(မကွေး)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမင်းသန့် (အဘ) ဦးဆန်းညွန့်ဦး (၁၄/ခနဖ (နိုင်)၁၂၈၅၀၅) အမှတ်(3H)၊ လှည်းတန်း(၁)လမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၄က၃၊ က-၅) ဟုခေါ်တွင်သော အလျား ၅၆ ပေ ၊ အနံ ၁၉ ပေ (1064 Sqft)ရှိ နေအိမ်တိုက်ခန်းနှင့် ၎င်းတိုက်ခန်းပေါ်တွင်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ရှင်ဖြစ်သူ ဦးခင်မောင်အေး (၁၂/မရက(နိုင်)၀၆၆၃၀၃)၊ ဒေါ်ခင်နုဖြူ (၁၂/မရက(နိုင်)၀၆၆၃၀၁) ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမင်းသန့်မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးအပ်ထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ နေအိမ်တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများယူဆောင်လာပြီး ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းသန့်၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်အိအိမိုး (LL.B)** **ဒေါ်လွဲ့လွဲ့လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ**
**(စဉ်-၁၂၀၉၇)** **(စဉ်-၅၄၀၂၀)**

**တိုက်(၈)၊ အခန်း (၁၄)၊ မြကန်သာအိမ်ရာ၊ မြကန်သာလမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း -၀၉-၈၈၂၃၃၈၉၅၊ ၀၉- ၈၉၁၀၃၉၃၄၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/30857, Honde Dream 125 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**




## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
## ဘဲသားပေါက်များ ဝယ်ယူရရှိနိုင်ကြောင်း အသိပေးခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် ဘဲမွေးမြူရေးဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဌာနပိုင် ဥဖောက်စက်များမှ မိဘမျိုးရိုး ကောင်းမွန်သော ဥစားဘဲ(ကာကီကင်း ဘယ်လ်) သားပေါက် Day Old Duck (DOD) များကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါ၍ မှာယူ မွေးမြူလိုသူများ/အဖွဲ့အစည်းများအနေဖြင့် (၁)လ ကြိုတင်မှာယူနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| ဒေါက်တာရဲနန္ဒ(ခြံတာဝန်ခံ) | - | ၀၉-၄၀၁၆၁၇၀၃၅၊ ၀၆၇-၃၄၀၈၀၇၅ ၀၆၇-၃၄၀၈၀၂၀ |
| ဒေါက်တာသိန်းဇော် (ဘုရားကြီးဘဲခြံတာဝန်ခံ) | - | ၀၉-၄၃၀၄၃၁၅၂ |
| ဦးနိုင်ဝင်းစိုး(ရွှေမြို့) | - | ၀၉-၇၉၄၉၂၆၅၀၉ |

## ပတ်စ်ပို့ပျောက်

ကျွန်မ မနော်ခိုင်မာလာ ၇/ထတပ(နိုင်)၁၀၆၇၂၇၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၈၈၀၂၈၀၃

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးသက်ခိုင်ဝင်း ၁၂/ခရန(နိုင်)၀၈၂၂၅၉၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၂၅၂၄၈၂၄

## ဖခင်အမည်မှန်

ပူတာအိုမြို့နယ်၊အထက ဆန်ဂေါင်ကျောင်း G-12မှ မောင်ထွန်းဆိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်စက် ၁/ပတအ(နိုင်)၀၅၄၇၅၀ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ပူတာအိုမြို့၊ အထက ဆန်ဂေါင်ကျောင်း Grade-10 တွင် ပညာသင်ကြားနေသော မောင်ရှိန်းချက်ဖုန်ဆား၏ ဖခင်အမည်မှန်မှာ ဦးရှိန်းချက်ဆင် ၁/ပတအ(နိုင်)၀၃၃၀၆၇ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ မြေကွက်အမှတ်(၂၈၅)၊ အကျယ်အဝန်း(၄၆ပေ x ၆၀ပေ) ရှိ ဦးဇေယျာမျိုး အမည်ပေါက် နှစ်(၆၀)မြေကွက်အနက်မှ (၂၂ပေx ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လုံးတို့ကို လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးဇေယျာမျိုး ၆/ကသန(နိုင်) ၀၃၆၆၄၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြမွန်(LL.B,LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊၁၂၃လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဗိုလ်ရုံလမ်းနေ ဦးကျော်လှိုင် ၇/နတလ(နိုင်) ၀၁၆၆၃၈-ဒေါ်မာမာ ၇/နတလ(နိုင်) ၀၁၆၃၉၇ တို့၏သားငယ်မောင်ရှိုင်းလင်းဖြိုးသည် မိဘများပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်ရှိုင်းလင်းဖြိုးနှင့် ပတ်သက်ဆက်နွှယ်သော ငွေရေးကြေးရေး၊ အရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မောင်ရှိုင်းလင်းဖြိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်လှိုင်-ဒေါ်မာမာ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/9486, KENBO-125 ယာဉ်လက်ဝယ်ရှိသူ ဦးလန့်ရှင်းပေါင် ၅/ကလထ(နိုင်) ၁၂၈၀၂၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန၊ ခရိုင်ရုံး(ကလေးမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/45267, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## နေပြည်တော်အုတ်စက်ရုံ
## တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီပိုင်၊ နေပြည်တော်အုတ်စက်ရုံ၊ ပင်မစက်ရုံအဆောက်အအုံ၏ အမိုးအား 4 Angle Sheet ဖြင့် လဲလှယ်ခြင်းလုပ်ငန်းအား တင်ဒါစနစ်ဖြင့် ဆောင်ရွက်ရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ (က) တင်ဒါခေါ်ယူသည့်လုပ်ငန်း - **အမိုး 17,850 Sqft အား 4 Angle Sheet ဖြင့် လဲလှယ်ခြင်း**
(ခ) တင်ဒါပုံစံထုတ်ပေးမည့်ရက် - ၂၀-၉-၂၀၂၄
(ဂ) တင်ဒါပိတ်မည့်ရက်/အချိန် - ၁-၁၀-၂၀၂၄ရက် (၁၆ : ၀၀)နာရီ
(ဃ) တင်ဒါတင်သွင်းရမည့်နေရာ - နေပြည်တော်အုတ်စက်ရုံ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်း ထုတ်ယူနိုင်ပါသည်-

- နေပြည်တော်အုတ်စက်ရုံ၊ ပျဉ်းမနား-တောင်ညိုကားလမ်း၊ မိုင်တိုင် ၁၆/၄၊ မင်းကုန်းကျေးရွာအနီး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်
- ဆက်သွယ်ရန်ဖုန်း-၀၉-၄၅၄၁၁၁၄၆၀၊ ၀၉-၇၇၇၇၁၇၀၂၀

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## ညောင်ဦးခရိုင်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၃၄

| | | |
|---|---|---|
| ဒေါ်အေးအေးငြိမ်း | နှင့် | ၁။ ဦးဌေးလွင် ၂။ ဦးဇင်ကိုကိုမြင့် |
| ဒီကရီအနိုင်ရသူ | | တရားရှုံးများ |

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အမှတ်(၃)ရပ်ကွက်၊ အောင်သပြေရပ်နေ တရားရှုံးများ ဖြစ်သော ၁။ ဦးဌေးလွင်၊ ၂။ ဦးဇင်ကိုကိုမြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ညောင်ဦးခရိုင်တရားရုံး၏ ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၇ အမှုတွင် ကျရှိသည့် ဒီကရီကိုအတည်ပြု လုပ်ရန် တရားနိုင်မှ ဤရုံးတော်၌ တရားမဇာရီမှုအမှတ်- ၃၄/၂၀၂၄ ဖြင့် ဖွင့်လှစ်လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ လ ၂၁ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ချိုထက်)**
**ခရိုင်တရားသူကြီး**
**ညောင်ဦးခရိုင်တရားရုံး**

## အမည်မှန်

(ဘ)ဦးမင်းအောင်၏ သမီး၊ ရန်ကင်းမြို့၊ အထက(၂) ကျောင်း Grade-12 မှ မငြိမ်းငြိမ်းမြတ်ဖြိုး၏ အမည်မှန်မှာ (မငြိမ်းမြတ်မြတ်ဖြိုး) ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ပျဉ်းမနားမြို့၊ အမှတ်(၄) အထက Grade-12တွင် ပညာသင်ကြားနေသော မောင်ကောင်းညီခန့်၏ မိဘအမည်မှန်မှာ ဦးခိုင်စိုး ၉/ပမန(နိုင်) ၂၁၁၆၀၉ နှင့် ဒေါ်မေသုန်ဝင်း ၇/တငန(နိုင်) ၁၄၉၀၇၁ တို့ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ပျဉ်းမနားမြို့၊ အမှတ်(၄) အထက Grade-12 တွင် ပညာသင်ကြားနေသော မောင်လပြည့်အောင်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်ခင်ဦး ၉/ပဘန(နိုင်)၀၈၆၅၉၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပျဉ်းမနားမြို့၊ အမှတ်(၄) အထက Grade-12 တွင် ပညာသင်ကြားနေသော မစိုးပြည့်ပြည့်ခင်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်း ၇/အတန(နိုင်)၀၂၃၅၂၅ ဖြစ်ပါကြောင်း။




## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ ဘုရားနီဘုရားလမ်း သွယ်(၆)၊ မြေကွက်အမှတ်(၂၇)ဟုခေါ်တွင်သော အလျား (၅၀) ပေ x အနံ (၄၈)ပေအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်သဲဖောင်ဟီလား(၁၂/သလန(နိုင်)၁၄၅၂၄၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့်မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်းကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမြိုင်(၁၂/ဒပန(နိုင်)၀၂၄၄၉၉)၏လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်အေးမြင့်မောင် (ဥပဒေတွဲ)** | **ဒေါ်မြတ်ဆုဝေ (ဥပဒေတွဲ)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၅၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၁၁)** |

**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၉၉၈၅၉၀၂၊ ၀၉-၄၅၅၇၅၀၁၉၂**

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက-အိမြစ်ကျောင်း Grade-10 မှ မအိန္ဒြာကျော်ဇင် Grade-7 မှ မောင်သန်းဇော်ဦး Grade-4 မှ စောအောင်ထွန်းဇော်တို့၏ မိခင်အမည်မှန်မှာ ဒေါ်မူနွယ် ၁၀/ပမန(နိုင်)၂၇၁၆၆၅ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ပြည်မြို့၊ အထက (၁) Grade (12)C မှ မဟန်ဆုလှိုင်၏ မိခင်အမည်မှန်မှာ ဒေါ်စန္ဒာဝင်း ၅/ရဘန(နိုင်)၁၇၆၅၀၀ ဖြစ်ပါကြောင်း။

**ဒေါ်စန္ဒာဝင်း**
**၅/ရဘန(နိုင်)၁၇၆၅၀၀**

## မိဘအမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အထက (၂) တာမွေ Grade-8 မှ မအေးနှင်းခရေ၏ မိဘအမည်မှန်မှာ ဦးညီညီမင်းသန်း (၁၂/ဒဂတ(နိုင်)၀၄၆၇၄၇)၊ ဒေါ်မို့သဇင် (၁၂/လမန(နိုင်)၁၄၅၀၃၀) ဖြစ်ပါကြောင်း။

**ဦးညီညီမင်းသန်း-ဒေါ်မို့သဇင်**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ ပေါင်းလောင်း-၃၊ ဦးမျိုး အောင်ဆန်း အမည်ပေါက် ဧရိယာ(၀.၀၅၅)ဧကရှိ ပေ(၄၀x၆၀)၊ မြေကွက်အမှတ်(၁၃၅၀)၏ ယာယီမြေပေးလက်မှတ်မူရင်းပျောက်ဆုံးသဖြင့် ဦးမျိုးအောင်ဆန်း ၈/မဘန(နိုင်)၀၀၀၈၈၇မှ မိတ္တူမှန် လျှောက်ထားလာခြင်းအား ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိသဖြင့် ယာယီမြေပေးလက်မှတ် မိတ္တူမှန်အား ထုတ်ပေးမည်ဖြစ်သဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဦးမျိုးအောင်ဆန်း အမည်ပေါက် ယာယီမြေပေးလက်မှတ်(မူရင်း)ကို ဤဌာနအနေဖြင့် ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ EC ပညာ့ရိပ်သာ (ကိုယ်ပိုင်အထက်တန်းကျောင်း) Grade-12 မှ မခိုင်မိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းဝင်း (၁၁/စတန(နိုင်)၀၆၂၉၅၄) ဖြစ်ပါကြောင်း။ **ဦးအောင်ဆန်းဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/96070, Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ Easy Rider Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/24856 PT Power-127ယာဉ်လက်ဝယ်ရှိသူ ဦးလန့်ရှင်းပေါင် ၅/ကလထ(နိုင်)၁၂၈၀၂၅ က (ကမ-၃) ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ထားဝယ်)**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းအနောက်(၁)ရပ်ကွက်၊ အကွက်အမှတ်(၁-ဃ)၊ အကွက်အမည်-ရွာမရပ်၊ ဦးပိုင်အ မှတ်(၅၂)၊ ဧရိယာ(၀ဒသမ ၁၄၆)ဧကရှိမြေကွက်အား ဒေါ်ဖူးဖူးအောင်မှ ဘိုးဘပိုင် အမည်ပြောင်းလျှောက်ထားလာသည့် အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်မတိုင်မီ ဖြူးမြို့နယ်မြေစာရင်းဦးစီးဌာနမှူးထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန**
**ဖြူးမြို့**

## CUFA LIMITED

**(In Members' Voluntary Winding Up)**

**Notice under section 211 (a) of the Myanmar Insolvency Law**

**Final General Meeting relating to the voluntary winding up**

In pursuant of the section 211 (a) of the Myanmar Insolvency Law,all members of the Company are invited to attend the Final General Meeting of the **"CUFA LIMITED"** (Under Liquidation) which will be held as per schedule mentioned below for the purpose of laying before it the account and giving any explanation there of.

Meeting Date and Time : : 18th, October, 2024, (10:00) AM

Venue: : : Online Meeting

**Daw Thant Myat Win(Liquidator)**

**Focus Consulting Group Ltd**

**Ph: (01) 89010203/89010204**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သစ်သိမ့်ကုန်းရပ်ကွက်၊ စစ်တောင်းလမ်း၊ မြေကွက်အမှတ်(၂၀/က)၊ (၉၈ x ၁၂၀ x ၈၃)ပေ အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဦးသူရသွင် ၁၂/ပဇတ(နိုင်)၀၂၇၄၉၅ မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးကနေဆာ၁၂/မဂဒ(နိုင်)၁၅၉၃၆၇ ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သက်သက်မွန်** — **ဦးသုထက်ကျော်လွင်**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၀၅/၂၀၁၅)** — **အထက်တန်းရှေ့နေ (စဉ်-၄၉၅၀၂/၂၀၁၈)**

**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြင်း)၊ (၈)မိုင်မီးပွိုင့်အနီး၊**

**(၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၈)၊ မြေကွက်အမှတ်(၇၇၇)၊ FMI City ပဒေသာပင်မြို့တော်၊ အိမ်အမှတ် ( F-83) ၊ ရွှေစံပယ်(၇)လမ်း၊ (၄)ရပ်ကွက်၊ (၄၀ x ၆၀)ပေအကျယ်၊ ၀ ဒသမ ၅၅ ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုလက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဦးဟန်မင်းထွန်း ၁၂/လသယ(နိုင်)၁၂၄၈၄၉ မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်နော်ထူးလှိုင် ၅/မရန(နိုင်)၀၀၂၂၁၇ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သက်သက်မွန်** — **ဦးသုထက်ကျော်လွင်**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၀၅/၂၀၁၅)** — **အထက်တန်းရှေ့နေ (စဉ်-၄၉၅၀၂/၂၀၁၈)**

**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြင်း)၊ (၈)မိုင်မီးပွိုင့်အနီး၊**

**(၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆**

## မွေးသက္ကရာဇ်အမှန်နှင့် ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ ပိုင်ကျုံမြို့၊ အထက နောင်ဘိုကြီး၊ Grade-12 မှ နန်းနှင်းလဲ့လဲ့ကြည် ၃/လဘန (နိုင်) ၂၀၅၃၈၅ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၃-၂၀၀၆ ဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးဖကီး ၃/လဘန(နိုင်) ၀၇၂၆၁၅ ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၂/ပေါင်းလောင်း-၂၊ ဦးမျိုးအောင်ဆန်း အမည်ပေါက် ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ပေ(၄၀x၆၀)၊ မြေကွက်အမှတ်(၁၆၄၇)၏ ယာယီမြေပေးလက်မှတ်မူရင်း ပျောက်ဆုံးသဖြင့် ဦးမျိုးအောင်ဆန်း ၈/မဘန(နိုင်)၀၀၀၈၈၇ မှ မိတ္တူမှန် လျှောက်ထားလာခြင်းအား ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိသဖြင့် ယာယီ မြေပေးလက်မှတ် မိတ္တူမှန်အား ထုတ်ပေးမည်ဖြစ်သဖြင့် ယခင် ထုတ်ပေးခဲ့သည့် ဦးမျိုးအောင်ဆန်း အမည်ပေါက် ယာယီမြေပေး လက်မှတ် (မူရင်း)ကို ဤဌာနအနေဖြင့် ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

**သင့်ကြောင့်**
**မီး**
**မလောင်ပါစေနှင့်**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၃၆/၃၈)ဘီ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ၆-ထပ်တိုက် (၂)ခန်းတွဲ အဆောက်အအုံရှိ တတိယထပ်(၄လွှာ)၊ အခန်းအမှတ်(၃-ဘီ)၊ လမ်းမဘက်မှ မျက်နှာ မူလျှင် (ဝဲဘက်ခြမ်း)၊ (အလျား ၁၁ပေ ၆ လက်မ x အနံ ၄၇ ပေ) အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်း အပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက် ဆက်နွယ်သော ပိုင်ရေးဆိုင်ခွင့်ဆိုင်ရာ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ချိုဝေလွင် ၁၂/လမန(နိုင်)၀၃၃၅၃၀ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်စုခိုင်ကြည် ၁၂/အစန(နိုင်) ၁၅၅၃၀၈ မှ တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်စုခိုင်ကြည်၏ တရားဝင်ခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံတင်သွင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် အလွှဲအပြောင်း ပြုလုပ်ခြင်းတို့ကို မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးမောင်မောင်သူရ (မြောင်းမြ)** — **ဦးဇေယျာထွန်း (LL.B)**
**LL.B,A.G.T.I(EP),D.B.L,D.M.L** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၃၂)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)**
**ဒေါ်ချယ်ရီလှိုင် (LL.B)** — **ဦးစိုးလွင်ဦး (LL. B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၁)** — **အထက်တန်းရှေ့နေ (စဉ်-၃၇၉၈၁)**

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁ ၈၄၀၄၂ ၊ ၀၉-၇၃၁၁၅၁၀၅၊**
**၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာ (၂၈)လမ်း၊ အမှတ်(၂၂၈)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆) ထပ် အာရ်စီအဆောက်အအုံ၏ စတုတ္ထထပ်၊ (၅)လွှာ၊ ခေါင်းရင်းခြမ်း၊ တိုက်ခန်း အကျယ်အဝန်း (918 sqft)ရှိ တိုက်ခန်း(၁)ခန်းနှင့် ကိုယ်ပိုင်ရေမော်တာ၊ လျှပ်စစ်မီတာ၊ လူနေထိုင်ခွင့် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးအောင်အောင်ဟိန်း ၁၂/ဥကတ(နိုင်)၁၄၂၉၃၉ ၏ကိုယ်စား တရားဝင်ဇနီးဖြစ်သူ ဒေါ်တင်ဇာခြည် ၁၂/ဥကတ(နိုင်)၁၆၁၇၇၂မှ ဥပဒေနှင့်အညီ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ရောင်းချလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချောစုစံ၁၃/တကန(နိုင်)၃၅၄၆၈၅ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက သက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများ တင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်း အဝယ် ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာလိုက်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခိုင်မေလှိုင်(စဉ်-၇၉၁၆/၂၁-၁၂-၂၀၁၁)**
**LL.B, D.B.L, Dip in English တရားလွှတ်တော်ရှေ့နေ**
**တိုက်(၁၀/၁၂)၊အခန်း(၁၀၄/ဒီ)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉-၅၀၈၃၈၀၅၊ ၀၉-၇၉၉၆၁၈၄၇၂**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(၁)**

**မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၆**

ဦးအောင်မြတ်ထက် (တရားလို) **နှင့်** ဒေါ်တင်ရွှေ (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင် ၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၃)ရပ်ကွက်၊ စပယ်ဖြူလမ်း၊ အမှတ်(၁၄၀/ခ) နေ (ယခု နေရပ်လိပ်စာမသိ) တရားပြိုင် ဒေါ်တင်ရွှေ သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု"နှင့် လျှောက်ထားစွဲဆို ချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆုတ် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားပြိုင်မှ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက် ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ် စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစ ရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ရဲမင်းထွန်း)**
**မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ် ၈၂၀/ခ၊ ဧရိယာ ၀ ဒသမ ၀၂၇၅ ဧက၊ (၁၂၀၀)စတုရန်းပေ၊ အမည်ပေါက် ၁။ ဦးမြင့်သိန်း ၁၂/ဥကတ(နိုင်)၀၆၇၅၈၆၊ ၂။ ဒေါ်ခင်မမ ၁၂/ဥကတ(နိုင်) ၀၉၇၃၆၅၊ ၃။ ဒေါ်တင်မမ ၁၂/ဥကတ(နိုင်)၁၉၈၉၇၀၊ ၄။ ဒေါ်ရီရီဝင်း ၁၂/ဥကတ (နိုင်)၀၇၈၃၃၃၊ မြေအမျိုးအစား-နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက် တည်ရှိရာ အမှတ်၈၂၀/ဘီ၊ သရေခတ္တရာလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ်ဟု ခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထား သည့် (၃ ထပ်တိုက်) အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို မူလ မြေအမည်ပေါက် ပိုင်ဆိုင်သူများထံမှ ဝယ်ယူ ပိုင်ဆိုင်ခဲ့ပြီး လက်ရှိရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်ဇော်အောင် ၁၂/ဗဟန(နိုင်)၀၀၁၉၉၇ ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့အဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ဥပဒေအရ ခိုင်လုံသောစာချုပ် စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ် ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီစလင်း တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၈၅)**
**အမှတ်-၅၅၊ ဒုတိယထပ်၊ အခန်း-၇၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၉၃၁၁**

## (၈-၉-၂၀၂၄) ရက် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာခဲ့သော "ကန့်ကွက်ကြောင်း အများသိစေရန် ကြေညာခြင်း" စာကို ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းအေး ၁၂/ဒဂန(နိုင်)၀၀၆၉၈၁ သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈/စီ) ရပ်ကွက်၊ ကျွန်းရွှေမြိုင် (၁၁)လမ်း၊ အိမ်အမှတ်(၇၅၁/ခ) ဟု ခေါ်တွင်သော မြေဧရိယာ (၁၂ ပေ x ၆၀ ပေ) ရှိ မြေကွက်နှင့် လူနေအိမ်အား အရောင်းအဝယ်ပြုလုပ်မည်ဆိုပါက ကန့်ကွက်ပါကြောင်း အများသိစေရန် ၈-၉-၂၀၂၄ ရက်၌ မြန်မာ့အလင်းသတင်းစာတွင် ကြေညာခဲ့ပါသည်။

အဆိုပါ ကြေညာစာကို ဤကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းအေး ၁၂/ဒဂန(နိုင်)၀၀၆၉၈၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးစည်သူကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၅၂၇)**
**အမှတ် (၇/၁၄)၊ မေတ္တာလမ်း၊ တိုးချဲ့(၄)ရပ်ကွက်၊ မော်ဘီမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၄၆၀၂၁၄၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၇/မြို့မအနောက်ရပ်၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အမှတ် (ပ-၃၀၄၆၇)ကို အမည်ပေါက် ဒေါ်တင်တင်ဝင်း (ဘ) ဦးမြင့်ဆွေ ၁၂/ဥကမ(နိုင်) ၁၄၂၀၅၉ ၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဒေါ်လှပြည့်စုံ (ဘ) ဦးချစ်တိုး ၈/တတက (နိုင်)၁၄၇၄၅၇ မှ ဦးမြင့်ဦး (ဘ) ဦးမြသောင်း ၅/စကန(နိုင်)၁၃၇၇၄၅ နှင့် မှတ်ပုံတင် အရောင်းအဝယ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခပြေစာ၊ နေပြည်တော်စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၃၇၇/၂၀၂၃(၁၄-၉-၂၀၂၃) တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက် အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ စီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်ဥမ္မာကျော် ၁၂/မရက(နိုင်) ၁၁၇၅၃၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာ အပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆/အရှေ့)၊ လူနေရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၇၉၉)၊ (တစ်နည်း အားဖြင့်) သာကေတမြို့နယ်၊ ဝေဇယန္တာ(၁၈)လမ်း၊ ၆/အရှေ့ရပ်ကွက်၊ အကျယ် ပေ(၂၀ x ၆၀)ရှိ နှစ်(၆၀)ဂရန်မြေအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော် မတီ၊ မြို့မြေစာရင်းတွင် အမည်ပေါက်သူဒေါ်ခင်မျိုးနွယ်မှ ယင်းမြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်အား ၎င်းသာလျှင် တရားဝင်လက်ရှိထား ပိုင်ဆိုင်ပြီး လိုအပ်သလို စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ အမွေဆိုင်ပိုင်ဆိုင်မှု အရှုပ်အရှင်း ကင်းရှင်းကြောင်း ထုတ်ဖော်ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေမှ သဘောရိုးဖြင့် ယုံကြည်ပါသောကြောင့် ဝယ်ယူရန် အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်း အဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်ခက်ခက်နီလာခိုင်သဇင်မြင့်(LL.B)** — **ဦးရဲမြင့်အောင်(LL.B)**
**(စဉ်-၁၂၉၈၆/၂၀၁၇)** — **(စဉ်-၄၁၇၀၃/၂၀၁၃)**
**(တရားလွှတ်တော်ရှေ့နေ)** — **ဒေါ်တင်ဇာမျိုး(LL.B)**
**(စဉ်-၄၅၂၆၅/၂၀၁၄)**
**(အထက်တန်းရှေ့နေများ)**

**အမှတ်(၈၉၉)၊ ပထမထပ် မြင်တော်သာလမ်းမကြီး၊**
**၄/မြောက်ရပ်ကွက်၊သာကေတမြို့နယ်။**
**ဖုန်း ၀၉-၄၂၀၀၈၀၅၁၂၊ ၀၉-၇၃၁၆၇၈၁၅**

## မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ မုပွန်တိုးချဲ့(၂)ရပ်ကွက်၊ အမှတ်(၄၇၀)မြေကွက်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ချစ်စော ၁၀/မလမ(နိုင်)၀၆၆၉၃၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ မုပွန်မြို့သစ်၊ မုပွန်တိုးချဲ့(၂)ရပ်ကွက်၊ (၆)လမ်းနှင့် (၇)လမ်းကြားလမ်းမတန်း၊ အမှတ်-၄၇၀၊ အကျယ်ပေ(၄၀ x ၆၀)ရှိ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ချစ်စောမှ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူ၍ လက်ရှိထား ပိုင်ဆိုင်ပြီး ယနေ့အချိန်အထိ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးတည်းသာ လက်ရှိထား ပိုင်ဆိုင်လျက်ရှိပါသည်။ ဖော်ပြပါ မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်မှာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ချစ်စော ၁၀/မလမ(နိုင်)၀၆၆၉၃၅ ၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း စသည်ဖြင့်မည်သည့်ပြုလုပ်မှုမျှ မပြုလုပ်ရန် ပြင်းထန်စွာအသိပေးတားမြစ်လိုက်ပါသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိပါက ကျွန်ုပ်တို့၏မိတ်ဆွေမှ တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်ခက်ခက်နီလာခိုင်သဇင်မြင့်(LL.B)** — **ဦးရဲမြင့်အောင်(LL.B)**
**(စဉ်-၁၂၉၈၆/၂၀၁၇)** — **(စဉ်-၄၁၇၀၃/၂၀၁၃)**
**(တရားလွှတ်တော်ရှေ့နေ)** — **ဒေါ်တင်ဇာမျိုး(LL.B)**
**(စဉ်-၄၅၂၆၅/၂၀၁၄)**
**ဒေါ်လွဲ့လွဲ့ဝင်းထူး(LL.B)**
**(စဉ်-၄၉၉၀၄/၂၀၁၈)**
**(အထက်တန်းရှေ့နေများ)**

**အမှတ်(၈၉၉)၊ မြင်တော်သာလမ်းမ၊ ၄/မြောက်ရပ်ကွက်၊သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ ၄၂၀၀၈၀၅၁၂၊ ၀၉ ၇၃၁၆၇၈၁၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ ပုဗ္ဗသီရိအနောက်ရပ်၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်အမှတ်(ပ-၃၁၉၄၉) ကို အမည်ပေါက် ဦးထွန်းမြင့်သိန်း (ဘ) ဦးစိန်မောင် ၉/ပမန(နိုင်)၂၂၀၂၉၅ ၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဒေါ်နန်းလှနှင်းနိုင် (ဘ) ဦးခမ်းထွန်း ၁၃/ပလန(နိုင်) ၀၀၀၂၈၂ မှ ဒေါ်စုနွယ်ထွန်း (ဘ) ဦးထွန်းစိန် ၅/အတန(နိုင်)၀၅၉၀၅၅ နှင့် မှတ်ပုံ တင်အရောင်းအဝယ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခပြေစာ၊ နေပြည်တော်စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၃၁၄/၂၀၂၃(၁၁-၉-၂၀၂၃) တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံ ကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက် အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေ ရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်း ရပ်ကွက် အမှတ် ၃၂/ ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၁၄၀၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးသိန်းအောင် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်နန်းစံဟွမ် ၁၃/လရန (နိုင်)၁၃၉၀၂၁ မှ ပျဉ်းမနားမြို့မြေတိုးချဲ့ရေးကော်မတီ၏ အိမ်ဝိုင်းကွက်တန်ဖိုး ငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး အဆောက်အအုံ ဆောက်လုပ်ခွင့် တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မခင်စိန် ကချင်ရိုးရာအထည်ဆိုင် အမည်အမှတ်တံဆိပ်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာချက်

Ma Khin Sein
Kachin Traditional Textiles

အထက်ဖော်ပြပါ အမှတ်တံဆိပ်၏ ပိုင်ရှင်မှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဈေး-၁၊ A-ရုံး၊ ၄၁/၄၂/၄၃၊ နှစ်ထပ်ဆောင်နေ ဦးလီရန်ကွမ်(ခ) လီရှုကွမ်(ခ)ထွန်းလှိုင်၊ ၁/မကန(ဧည့်)၀၀၀၃၈၆ ပိုင်ဆိုင်သည့် လုပ်ငန်းကုန်အမှတ်တံဆိပ်ဖြစ်ပါသည်။ ယင်းအမှတ်တံဆိပ်ဖြင့် ကချင်ရိုးရာအထည်အမျိုးမျိုးကို ထုတ်လုပ်၊ ရောင်းချရန် အပြည်ပြည်ဆိုင်ရာ အမှတ်တံဆိပ်အမျိုးအစားခွဲခြင်းစနစ်(Nice Classification)အမှတ်(၂၄)တွင် အသုံးပြုရန်ရည်ရွယ်၍ အီလက်ထရွန်နစ်မှတ်ပုံတင်စနစ် (WIPOFile) ဖြင့် မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဦးစီးဌာန၌ ၂၂-၇-၂၀၂၄ရက်တွင် တင်ပြလျှောက်ထားခဲ့ရာဌာနမှ (T 2024/003038) ဖြင့် အမှုတွဲလက်ခံပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါအမှတ်တံဆိပ်နှင့်ပတ်သက်၍ အများ ထင်ယောင်ထင်မှားဖြစ်စေရန် တုပသုံးစွဲခြင်းများမပြုလုပ်ရန်နှင့် တုပဆောင်ရွက်မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှမိုင် LL.B,DL-101, WIP(Switzer Land)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၀၇၅/၁၁-၄-၂၀၂၄)**
**အမှတ်(၃/၄၉-E)၊ မန်ခိန်ရပ်ကွက်၊ မြစ်ကြီးနားမြို့။**
**ဖုန်း-၀၉-၂၅၃၇၅၃၄၈၃၊ ၀၉-၇၉၂၅၉၃၅၉၆**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း၊ ဓာတ်အားပေးစက်ရုံအဆောက်အအုံတွင် တပ်ဆင်အသုံးပြုရန်လိုအပ်သောပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | D.D.P |
|---|---|---|
| (က) | 033/DHPI/Powerhouse Material/2024-2025 | At Site |

| | | |
|---|---|---|
| ၂။ | **တင်ဒါစတင် ရောင်းချမည့်ရက်** | - ၁၉-၉-၂၀၂၄ ရက်မှ ၃-၁၀-၂၀၂၄ ရက်အထိ |
| ၃။ | **တင်ဒါရောင်းချမည့်အချိန်** | - ၁၀:၀၀နာရီမှ ညနေ၁၅:၃၀နာရီအထိ |
| ၄။ | **တင်ဒါတင်သွင်းရမည့် ရက်နှင့်အချိန်** | - ၄-၁၀-၂၀၂၄ ရက် မွန်းတည့် ၁၂:၀၀ နာရီ မတိုင်မီ တင်သွင်း ရမည်။ |
| ၅။ | **တင်ဒါရောင်းချ/ တင်သွင်းရမည့်နေရာ** | - ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန၊ (၃)ထပ်ဆောင်၊ ရုံးအမှတ်(၂၇) ၊ နေပြည်တော်။ |

၆။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၈၁၀၄၁၉၁၊ ၀၆၇-၈၁၀၄၁၉၀**

## စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ(အင်းစိန်)အတွက် ဆေးဝါးကုန်ကြမ်း Gliclazide BP (၄၀၀)ကီလိုဂရမ် အဝယ်တင်ဒါ

၁။ **ဝယ်ယူမည့်ပစ္စည်းအမည်နှင့် အရေအတွက်**

| ပစ္စည်းအမည် | **အရေအတွက်** |
|---|---|
| Gliclazide BP | ၄၀၀ ကီလိုဂရမ် |

